# မင်းကျော်

## ဝတ္ထုတို ၅ ပုဒ်



100S005

800.00 KS

စိတ်ကူးချိုချိုအနုပညာ
၉(က)၊ ၁၆၄ လမ်း၊ တာမွေ၊
ရန်ကုန်မြို့။ ဖုန်း–၅၄၆၈၄၅၊ ၅၄၂၉၇၃

ဝတ္ထုတို ၅ ပုဒ်၊ မင်းကျော်
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
အတွင်းသရုပ်ဖော် - ကိုကိုနိုင်
စာမျက်နှာ ၈၈ မျက်နှာ၊ ၁၂.၈ စင်တီ× ၁၈.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၈ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

စိတ်ကူးချိုချိုစာအုပ်

▪ ▪ ▪ ▪ ▪ ▪ ▪ ▪ ▪

# ဝတ္ထုတို ၅ ပုဒ်

## မင်းကျော်

မြန်မာဝတ္ထုတိုရာပြည့် (၁၉၁၇-၂၀၁၇) အမှတ်တရ

ပထမအကြိမ်၊ ၂၀၁၇

## မာတိကာ


| | | |
|---|---|---|
| ၁။ | ကိုသီလ | ၁ |
| ၂။ | ကဝေမ မိဂွမ်းပုံ | ၁၇ |
| ၃။ | မှုန်နံ့သာပြယ်တစ်ပိုင်းနှင့် | ၃၉ |
| ၄။ | ရွှေဂုဏ် | ၅၉ |
| ၅။ | လမ်းမမြင် ကမ်းမမြင် | ၆၉ |


❑



# ကိုသီလ

ကိုသီလ၏ ရင်ထဲမှာ ပူနေသည်။ ခေါင်းထဲမှာလည်း နောက်နေသည်။ ခန္ဓာကိုယ်သည် ကတုန်ကယင် ဖြစ်နေသည်ဟု သူထင်သည်။ အားငယ်သည်၊ ဝမ်းနည်းသည်ဆိုသော ဝေဒနာကို မာနနှင့် ဒေါသအဟုန်က လွှမ်းဖုံးထားသည်။

တစ်ခုခုတော့ လုပ်မှဖြစ်တော့မည်ဟု ကိုသီလ နားလည်နေသည်။ သို့သော် ဘာလုပ်ရမည်ကို မသိ။ သူ့ရှေ့မှ ထိုင်နေသူကို ပီပီသသ မမြင်ရတော့။ ထိုသူပြောနေသော စကားတို့ကိုလည်း ကောင်းစွာ ကြားနေရသည်ဟု သူမထင်တော့။

နောက်ဆုံး၌ သူသည် တစ်ခုခုကို လုပ်ရလေသည်။

ပုံနှိပ်တိုက်တွင်းမှ ထွက်လာခဲ့သောအခါ၌ ကိုသီလသည် ဒုတိယ တစ်ခုခုကို မနောကံမြောက် ပြုလုပ်ရပြန်သည်။ ထိုမနောကံအမှုသည် နှုတ်ဖျားမှ ထွက်လာသည်ကို သူထင်သည်။

'တော်ပြီ တော်ပြီ ကနေ့ကစပြီး ငါစာမရေးတော့ဘူး'

ဤကား ကိုသီလ၏ ငါးဆယ့် ခုနစ်ကြိမ်မြောက် ဆုံးဖြတ်ချက်တည်း။

သို့ပေမဲ့ ရှေးယခင် အခါအခါများကလည်း 'ငါ ဤသို့ ဆုံးဖြတ်ခဲ့ဖူးပါကလား' ဟု ကိုသီလ အမှတ်မရတော့။ သည်တစ်ခါတော့ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်သည်။

ကြည့်လေ...။

ရင်ထဲမှာ 'တော်ပြီ–တော်ပြီ'ဆိုသော စကားလုံးတွေက လှိုင်းခတ်နေပြီ။

လှမ်းလာသော ခြေလှမ်း မြေမှာကျသည်။ မြေမှကြွသည်တို့ကိုပင် 'တော်ပြီ တော်ပြီ'ဟူသော ကျူးရင့်သံဟု ထင်သည်။

လမ်းပေါ်က ကားတွေ ယာဉ်တွေကို မမြင်၊ ကြည့်လည်း မကြည့်ချင်။ လမ်းပေါ်မှာ သွားနေ လာနေသူတွေကိုလည်း မမြင်၊ ကြည့်လည်း မကြည့်ချင်။

ခါတိုင်းဆို ကိုသီလသည် သည်ကားတွေ၊ သည်ယာဉ်တွေ၊ သည်လူတွေကို တစေ့စေ့ လေ့လာပြီး ရင်မှာ လှုပ်လာသည်နှင့် စာတစ်ပုဒ်ဖွဲ့တတ်မြဲဖြစ်သည်။ ယခုတော့ စာမရေးတော့ပါဟု မည်သူကမျှ မစေ့ဆော်ဘဲလျက် သူဆုံးဖြတ်သည်။

သည်အထဲ သူ့ပခုံးကို နောက်မှလူတစ်ယောက်က လှမ်း၍ ပုတ်လိုက်သည်။

'ဘယ့်နှယ်လဲ ဆရာရဲ့ သုတ်သုတ်သုတ်သုတ်နဲ့ ဘယ်သွားမလို့လဲ'

ဦးတိမ်တောင်ကို သူတွေ့ရလေပြီ။ သူကား တိမ်ရောင်ခြည် ပုံနှိပ်တိုက်နှင့် ထုတ်ဝေရေး လုပ်ငန်းပိုင်ရှင်။

'သင်္ချိုင်းကို'

ကိုသီလက ခပ်ပြတ်ပြတ် ဖြေလိုက်သည်။

'သင်္ချိုင်းကို ဘာလုပ်ဖို့လဲဗျ။ ဘာလဲ ဆရာက ဝတ္ထုဇာတ်လမ်း

အတွက် အကွက်ကောင်း သွားရှာဦးမလို့လား'

ထုတ်ဝေသူ ကိုတိမ်တောင်သည် ဒေါသရောင်လွှမ်းသော မျက်နှာကိုလည်း မပြင်သေး၊ ဒေါသသံကိုလည်း မသိသေးသဖြင့် အမှတ်မဲ့ပြောရင်း ကိုသီလနှင့် ဆောင်းချင်းယှဉ်လိုက်သည်။ သည်အခါမှ ကိုသီလ၏မျက်နှာကို အကဲခတ်မိသည်။

'ဘာ–ဘာ–ဘာဝတ္ထုလဲ၊ ဒီမှာ ဦးတိမ်တောင် ခင်ဗျားလမ်းကို ခင်ဗျား အေးအေးသွားစမ်း'

ဦးတိမ်တောင်သည် ကိုသီလ၏ မျက်နှာထားနှင့် စကားတို့ကို မြင်ရကြားရသောအခါ စိတ်ထဲမှာ တုန်လှုပ်သွားသည်။ ချက်ချင်း မျက်နှာထားကို ပြင်သည်။

'ဘယ်လိုဖြစ်တာလဲ ကိုသီလရာ။ ကျုပ်က ခင်ဗျားကို အကောင်း မေးတာပါ။ ကဲပါလေ ထားပါတော့။ ခု ကျုပ်အဖို့ တခြားသွားစရာ ကလည်း ဒီမှာ လမ်းဆုံးနေပြီ။ ကျုပ် ဆရာ့ကို တွေ့ချင်လို့ လိုက်ရှာ နေတာပါ'

ကိုသီလသည် ရုတ်ခနဲ ရပ်လိုက်သည်။

'ကျုပ်ကို ခင်ဗျားကြီးက ဘာလုပ်ဖို့ တွေ့ချင်တာလဲ'

'ဆရာလည်း ဘယ်လိုဖြစ်လာပါလိမ့်၊ ဒေါသတယ်ကြီးနေပါ လား။ ကဲပါဆရာကိုသီလရယ် ဟောဟို လက်ဖက်ရည်ဆိုင်ထဲမှာ အေးအေးဆေးဆေး စကားပြောရအောင်ပါ'

'ကျုပ်ပြောလည်း မပြောချင်ဘူး။ ကြားလည်း မကြားချင်ဘူး။ ခင်ဗျားဘာသာသွား။ ကျုပ်လည်း ကျုပ်သွားချင်ရာ သွားမယ်'

'မဟုတ်သေးပါဘူး ဆရာရယ်၊ ကျုပ်ဆရာ့ကို ပြောစရာရှိလို့ ပါ။ ခဏကလေးပါဗျ'

နောက်ဆုံး၌ ကိုသီလသည် ငြင်းရင်းဆန်ရင်းမှပင် ထုတ်ဝေသူ

ဦးတိမ်တောင်နှင့်အတူ ယမင်းဖြူပြာ လက်ဖက်ရည်ဆိုင်တွင်းသို့ ရောက်ခဲ့လေသည်။ သို့သော် စိတ်ထဲကမူ နောက်ကျိနေဆဲဖြစ်သည်။

'ကဲ–ဆရာ၊ ဘာသောက်မလဲ'

'ဘာမှ မသောက်ချင်ဘူး'

'ဘယ့်နှယ်တုံး ဆရာ့ဥစ္စာကလည်း ဒေါချည်းကန်နေပါကလား၊ ဖြည်းဖြည်းဆေးဆေး လုပ်စမ်းပါဆရာ၊ ကဲ–ကျုပ် လက်ဖက်ရည်ပဲ မှာလိုက်မယ်'

ဦးတိမ်တောင်သည် ဆရာကိုသီလကို စူးစူးစိုက်စိုက်ကြည့်၍ ပြောပြီး လက်ဖက်ရည်နှစ်ခွက် လှမ်းမှာသည်။ ကိုသီလ၏ မျက်နှာမှာ တင်းမာဆဲဖြစ်သည်။

'ဒီမယ် ဦးတိမ်တောင်၊ ခင်ဗျား ကျုပ်ကိုဘာလုပ်ဖို့ တွေ့ချင်တယ်ဆိုတာ ကျုပ်သိတယ်။ ဒီစကားကို ခင်ဗျားပြောဖို့ မလိုဘူး။ ကျုပ်ကပဲ ပြောမယ်။ ခင်ဗျားတိုက်က ကျုပ်စာအုပ်ထုတ်ဖို့ ပြောထားတာ ကျုပ် မထုတ်တော့ဘူး'

ကိုသီလသည် စကားကို ခပ်မာမာ ခပ်သွက်သွက် ပြောချလိုက်သည်။ ဦးတိမ်တောင် ချက်ချင်း မျက်နှာပျက်သွားသည်။

'ဟာ.. ဆရာကလည်း ဘယ်လိုလုပ်တာတုံး၊ ကျုပ် နယ်ကိုတောင် အမှာစာကတ်ပြားတွေ ပို့ထားပြီးနေပြီ။ ဆရာ့ဆီက စာမူရမယ်ဆိုလို့ ဟိုစာရေးဆရာ၊ သိပ္ပံပြာလဲ့ဝင်း ဝတ္ထုတောင် ကျုပ် တစ်လ ဆိုင်းထားတယ်' ဦးတိမ်တောင်က လေပျော့နှင့် ပြောသည်။

'ခင်ဗျား ထပ်ပြောမနေနဲ့၊ ကျုပ် မရေးဘူးဆို ပြီးရောမဟုတ်လား'

'ဘယ်ပြီးဦးမလဲ ဆရာရဲ့၊ ဆရာဘာကြောင့် မရေးရမှာတုံး၊

ဘာလဲ ဆရာကြီးတင်ငွေလိုချင်လို့လား၊ ကျုပ် ပိုက်ဆံပေးတဲ့မူကို မကြိုက်လို့လား'

'ဒီမှာ ဦးတိမ်တောင် ဒီကိစ္စတွေ ကျုပ်ဘာမှ မပြောချင်ဘူး။ ကျုပ်ပြောချင်တာက ကျုပ်ဟာ ကနေ့ကစပြီး စာမရေးတော့ဘူးလို့ ဆုံးဖြတ်ထားပြီးပြီ။ ကျုပ်ဟာ စာရေးဆရာ သီလမဟုတ်တော့ဘူး'

'ဘယ့်နှယ် ဆရာ'

'ခင်ဗျား ဒီလောက် နားဝေးရသလား ဦးတိမ်တောင်၊ ကျုပ် စာမရေးတော့ဘူး။ ကျုပ် စာရေးဆရာ မဟုတ်ဘူးဆိုတာ ခင်ဗျား မကြားဘူးလား'

သူတို့ရှေ့သို့ လက်ဖက်ရည်ပန်းကန်များ ရောက်လာသည်။

ဦးတိမ်တောင်သည် တွေတွေကြီးလုပ်ကာ စဉ်းစားနေသည်။

ထိုအခိုက် သူတို့စားပွဲဝိုင်းသို့ လူတစ်ယောက် ရောက်လာသည်။ ထိုသူကား စာရေးဆရာ တမာဖြစ်သည်။

'ဟာ...ဦးတိမ်တောင်ကြီးနဲ့ ကိုသီလပါလား။ အဆင်သင့်လိုက်တာဗျာ။ ကျုပ် ဦးတိမ်တောင်နဲ့ တွေ့ချင်နေတာနဲ့' တမာသည် ပြောပြောဆိုဆို ကုလားထိုင်တစ်လုံးကို ဆွဲ၍ထိုင်သည်။

ကိုသီလမှာ စူအောင့်အောင့် မျက်နှာပေးနှင့်။

'ကဲ ဆရာတမာ ဘာသောက်မလဲ။ ကျုပ်နဲ့ တွေ့ဖို့ကိစ္စကိုတော့ ကျုပ်သိပါပြီ။ လက်ကျန်ကော်ပီခကလေးကိစ္စ မဟုတ်လား။ နေဦး ဆရာတမာ ဒီကိစ္စနောက်မှ ပြောရအောင်၊ အခုကိစ္စကို ဆရာရှင်းစမ်းပါဦး'

'ဘာလဲဗျ'

'ဟောဒီဆရာကိုသီလက စာမရေးတော့ဘူးဆိုပဲ'

'ဟုတ်ရဲ့လား ကိုသီလရ၊ ခင်ဗျားကလည်း ဦးတိမ်တောင်ကြီးကို

နောက်တီး နောက်စပ်လုပ်နေပြန်ပြီ'

'ဘာမှ နောက်နေတာ မဟုတ်ဘူး။ ကျုပ် စာရေးတဲ့ အလုပ်ကို စွန့်လိုက်ပြီ'

'ဟုတ်–ဟုတ်သေးတော့ ကိုသီလရာ။ ဆိုစမ်းပါဦး အကြောင်းက'

'ဘာဆိုစရာရှိလဲဗျ။ ခု ကျုပ် စာရေးလာတာ ၁၅ နှစ်ထဲရောက်ပြီ။ ကျုပ်ဝတ္ထုတစ်အုပ် နှစ်ထောင်ကုန်တယ်လို့ တစ်ခါမှ မရှိဘူး။ ဒီခေတ်ထဲမှာ ပြာလွဲ့ဝင်းတို့လို စာရေးဆရာတွေတောင်မှ သောင်းချီ ရိုက်နေတာ၊ ကျုပ်တို့က နှစ်ထောင်မကုန်ဘူးဆိုတော့ ဘယ့်နှယ်လုပ်ရမှာလဲ"

တမာသည် ဘာမျှစကားပြန် မပေးသေးဘဲတွေနေသည်။ ဦးတိမ်တောင်ကမူ ကိုသီလ၏ မျက်နှာကို အကဲခတ်ရင်း–

'သောက်လိုက်ဦး ကိုသီလ လက်ဖက်ရည်တွေ အေးကုန်မယ်'

ကိုသီလသည် လက်ဖက်ရည်ပန်းကန်ကို မော့၍ တစ်ကျိုက် သောက်လိုက်သည်။

'ဒီမှာ ကိုတမာ ခင်ဗျားပဲ စဉ်းစားကြည့်၊ ကျုပ်ဟာ စာပေလုပ်ငန်းကို စိုက်လိုက်မတ်တတ် လုပ်လာတဲ့ကောင်။ ဝတ္ထုတိုရှည်တွေလည်း အတော်များများရေးခဲ့ပြီ။ ဝေဖန်ရေး ဆရာတွေရဲ့ ချီးကျူးဝေဖန်မှုကို ခံခဲ့ရလှပြီ။ အခု ခင်ဗျားတို့ ပြောပြောနေတဲ့ ဆိုရှယ်လစ်သရုပ်ဖော်ဆိုတာမျိုးလည်း ရေးခဲ့တယ်။ လွမ်းစရာ ဆွေးစရာနဲ့ လူငယ်ကြိုက်တွေလည်း ရေးခဲ့တယ်။ ခုပဲကြည့်စမ်း၊ ကျုပ် 'လျှပ်စီးရောင်' ပုံနှိပ်တိုက်ကလာခဲ့တယ်။ အရင်က သူတို့ ကျုပ်စာအုပ်တစ်အုပ် ရိုက်တယ်။ ကျုပ် စာအုပ် နှစ်ထောင်ရိုက်တယ်။ စာမူခကျတော့ ပြာလွဲ့ဝင်းတို့လို ရာခိုင်နှုန်းနဲ့ တွက်ပေးတာ မဟုတ်ဘူး။ အပြီးအပြတ်

လေးရာနဲ့ ရေးရတယ်။ ပြာလွှဲဝင်းတို့ကျတော့ တစ်သောင်းရိုက်တယ်။ စာမူခ ဆယ့်ငါးရာခိုင်နှုန်းပေးတယ်။ ဒီတော့ စာမူခ သုံးထောင်ပေးတယ်။ အဲဒီတစ်သောင်းက ကုန်သတဲ့။ ကျုပ်လို ၁၅ နှစ်လုံး ရေးလာခဲ့တဲ့ အကောင်က စာမူခလည်း လေးရာပဲရတယ်။ စောင်ရေကျတော့လည်း ထောင့်ငါးရာတောင်မကုန်ဘူးတဲ့။ ထွီ...'ကိုသီလသည် တံတွေး တစ်ချက်ပစ်ထွေးလိုက်ပြီး လက်ဖက်ရည်တစ်ကျိုက်မော့သောက်ပြန်သည်။ ပြီး 'ကဲ–ဒီတော့ ကျုပ်တို့ စာရေးစားနေဖို့ လိုသေးသလား ကိုတမာ'

'ဟုတ်တယ်ကိုသီလ။ ဒီပြဿနာဟာ ခင်ဗျားတွင် မဟုတ်ဘူး။ စာရေးဆရာ အတော်များများ ကြုံနေရတဲ့ ပြဿနာပဲ။ စောင်ရေများတာ၊ နည်းတာကလည်း စာဖတ်ပရိသတ်နဲ့ ဆိုင်တာဗျ။ ကျုပ်တို့က ဘာမှစွက်ဖက်လို့ မရဘူး။ အဲ ခင်ဗျားရေးသလို ခင်ဗျား ဘယ်လောက်ပဲ ကြိုးစားရေးရေး ခင်ဗျား ဝတ္ထုအတွက် ကောင်မလေးတွေ၊ ကောင်လေးတွေ ရည်းစားစာရေးနည်း၊ အော်တိုဂရမ်ရေးနည်းကို သင်ပေးတာမှ မဟုတ်ဘဲ။ ဒီနေ့အများဆုံး ဖတ်တဲ့ဟာတွေက ဆယ့်လေးငါးခြောက်နှစ်နဲ့ အသက် ၂၀ ပတ်ဝန်းကျင်တွေများတယ် မဟုတ်လား။ အဲဒီအရွယ်တွေလိုချင်တာက ရည်းစားစာ ရေးနည်းနဲ့ အော်တိုရေးနည်းဗျ။ အဲဒါတွေကို ခင်ဗျား လိုက်ရေးနိုင်ပါ့မလား'

'အေးလေ–အဲဒါကြောင့် ကျုပ် စာမရေးတော့ဘူး ပြောနေတာပေါ့'

'ဒီလိုပြောလို့လည်း မရသေးဘူး ကိုသီလ။ ခင်ဗျားတို့ ကျုပ်တို့ စာရေးတာ ဘယ်သူက အရေးခိုင်းလို့ ရေးတာလဲ ရေးချင်လို့ ရေးကြတာ မဟုတ်လား။ ဘာလဲ ခင်ဗျား စာရေးပြီး ကျော်ကြားမှု လိုချင်လို့လား'

'ဒီလိုလည်း မဟုတ်ဘူး။ ဒါပေမဲ့ စောင်ရေ ထောင့်ငါးရာတောင် မကုန်ဘဲနဲ့ စာရေးဆရာ လုပ်နေရတာ ရှက်စရာ မကောင်းဘူးလား လို့'

"ဒါတွေကို ခင်ဗျားထည့်စဉ်းစားဖို့ မလိုဘူးထင်တယ်။ ခင်ဗျား က စာရေးဆရာ။ ရေးချင်စိတ်ရှိရင် ရေးမယ်။ ဒါပဲပေါ့။ စောင်ရေ ကုန်တာ မကုန်တာ၊ ဝယ်ဖတ်တာ မဖတ်တာ ခင်ဗျားနဲ့ ဆိုင်သလား လို့'

'ခင်ဗျားက ပြောအား ရှိတာပေါ့။ ဘာပြောပြော ခင်ဗျားက ကျုပ်ထက်တော့ ရောင်းရသေးတာကိုး'

'ဒီလို တိုင်းစရာလည်း မလိုပါဘူးလေ။ ခင်ဗျားရေးစရာရှိတာ ရေးပေါ့'

'ဟုတ်တယ်။ ဟုတ်တယ်' ဦးတိမ်တောင်က ဆေးပြင်းလိပ်ကို ဖွာရင်း ဝင်ပြောသည်။ 'ဒီတော့ ကျုပ်အတွက် စာမူကလေး'

'တော်တော့ဗျာ။ ခင်ဗျားတို့လို လူတွေလည်း ကောင်းတာ မဟုတ်ဘူး။ တော်ပြီ ကျုပ်စာမရေးဘူးဆို၊ မရေးဘူး။ ဖြစ်တဲ့နည်း နဲ့ ကျုပ်တော ပြန်ပြီးနွားပဲ ကျောင်းနေတော့မယ်'ပြောပြောဆိုဆို ကိုသီလသည် နေရာမှထသည်။

'နေပါဦး ကိုသီလရဲ့' ကိုတမာက တားသည်။

'တော်ဗျာ ခင်ဗျားတို့နဲ့လည်း ကျုပ်မတွေ့ချင်ဘူး။ ကျုပ်မှာ ကိစ္စက ရှိသေးတယ်'ကိုသီလသည် ခြေလှမ်းရန် ဟန်ပြင်ပြီးမှ ကိုတမာ ဘက်သို့ လှည့်ပြီး

'ဒီမှာ ကိုတမာ ခင်ဗျားမယ် အခုငွေတစ်ဆယ်လောက် ရှိလား။ ကျုပ်အိမ်က ကလေးနေမကောင်းနေလို့ဗျာ'

ဦးတိမ်တောင်သည် လက်ဖက်ရည်ဆိုင်သမားကို ခေါ်ပြီး ငွေ

နှစ်ဆယ်ဆန် တစ်ရွက်ကို ထုတ်ပေးရင်း ကိုသီလ၏ ပြောစကားကို မကြားဟန်ပြုနေ၏။

'ဆောရီးပဲဗျာ။ ကျုပ်မလဲ တစ်ဆယ်မပြောနဲ့၊ တစ်ကျပ်တောင် မရှိလို့ ခုဦးတိမ်တောင်ဆီကို လာတောင်းတာ။ ခင်ဗျား ဦးတိမ်တောင် ဆီက တောင်းပါလား'

'မလိုချင်ဘူးဗျာ။ သူ့ဆီက ငွေကလေး တစ်ဆယ်ယူမိရင် ဝတ္ထု ကော်ပီရေးပေးနေရဦးမယ်။ ကျုပ်က စာရေးတော့မယ့် အကောင်မှ မဟုတ်တာ'

ပြောပြောဆိုဆို ကိုသီလသည် မည်သူမျှ နှုတ်မဆက်ဘဲ ဆိုင်ထဲ မှ ထွက်လာသည်။

တစ်လမ်းလုံး 'စာမရေးတော့ပါဘူး'ဟူ၍လည်း အထပ်ထပ် ဆုံးဖြတ်လာသည်။

ဘတ်စ်ကားမှတ်တိုင်မှာ ရပ်လျက်ကားစောင့်ရပြန်သည်။ သူ့ နားမှာ လူရွယ်နှစ်ယောက်ရပ်လာသည်။

'မင်းနှစ်တိုးလစာရတာ တို့ဘာမှ မစားရပါကလား' တစ် ယောက်ကပြောသည်။

'ဖြည်းဖြည်းတော့ စားရမှာပေါ့။ မင်းလည်း ရုံးမှာ ပရိုမိုးရှင်း ရတယ် မဟုတ်လား' ဒုတိယအသံကိုလည်း ကိုသီလ ကြားရသည်။

ထိုအခိုက် ဘတ်စ်ကားရပ်လာသည်။ ကိုသီလသည် ကားပေါ်သို့ တက်ပြီး နေရာယူလိုက်သည်။ သူ့ဘေးတွင် စောစောက လူရွယ်နှစ်ဦး ထိုင်လာသည်။ သူတို့သည် ရုံးတစ်ရုံးမှ စာရေးများလော၊ အရာရှိများ လော မပြောတတ်။ သူတို့သည် နှစ်တိုးနှင့် ရာထူးတိုးခြင်းအကြောင်း ကို ပြောလာကြသည်။ ပြီး ယခုအခါ အစိုးရ အမှုထမ်းများ သစ္စာရှိရှိ တာဝန်ကျေကျေ လုပ်လာသည်နှင့်အမျှ အခွင့်အရေးအပြည့်အဝ ရနိုင်

သည့် အကြောင်းများ၊ အမြဲတမ်း ခန့်ထားရေးအကြောင်းများ စသည့် အစိုးရအမှုထမ်းများအကြောင်းကို ပြောဆိုလာကြသည်။

မှတ်တိုင် လေးငါးခြောက်ခု ကျော်သောအခါ ထိုလူရွယ်နှစ်ဦး ဆင်းသွားသည်။

ကိုသီလ၏ ခေါင်းတွင်း၌ လူရွယ်နှစ်ဦးပြောသွားသော စကားများကို ကြားယောင်နေသည်။

ဘတ်စ်ကားသည် မှတ်တိုင်တစ်ခုမှာ ရပ်ပြန်သည်။

“ဘားမားစတားတွေ၊ ဖလင်စတားတွေ၊ ဓီးငန်သီးတွေ၊ မက်မန်းပေါင်းတွေ’ဟူသော အသံများကို ကြားလာသည်။ ကလေးတို့သည် ဘတ်စ်ကားဘေးသို့ အပြေးကပ်လာသည်။

သည်ကလေးတွေရဲ့ မိဘတွေဟာ ဘယ်သူတွေပါလိမ့်။ သူတို့ကို ကျောင်းမထားဘူးလား။ သူတို့ကို ဘယ်သူက အရောင်းခိုင်းနေပါလိမ့် ဟူသော အတွေးများသည် ကိုသီလ၏ ခေါင်းထဲ ဝင်လာသည်။

ဘတ်စ်ကား ခရီးဆက်လေပြီ။

‘အလုပ်ရှင်တွေကလည်း အလုပ်ရှင်ပဲ။ သူတို့ စားသာတဲ့ အချိန်တွေတုန်းက အလုပ်သမားဆိုတာကို လူထင်ခဲ့ကြတာ မဟုတ်ဘူး’ဟူသော အသံကို ကြားမှပင် ဘေးတွင် လူရောက်နေပြီကို သတိထားမိသည်။

လူနှစ်ဦးသည် အလုပ်သမား အခွင့်အရေး ကိစ္စများကို ပြောလာကြသည်။ လူမှုဖူလုံရေး ပြဿနာများကိုလည်း ဆွေးနွေးလာသည်။ ထိုသူတို့ စကားမဆုံးမီပင် ကိုသီလသည် ဘတ်စ်ကားပေါ်မှ ဆင်းရလေသည်။

ယခုအခါ ‘ငါစာရေးတော့ဘူး’ဟူသော အတွေးဆုံးဖြတ်ချက်သည် ရင်ထဲမှာ စောစောကလို ယောက်ယက်ခတ်မနေတော့ပေ။

အလုပ်သမား အခွင့်အရေး၊ အမှုထမ်း အခွင့်အရေးနှင့် ဓိုးငန်စေ့၊ မက်မန်းပေါင်း ရောင်းသော ကလေးတွေကသာ သူ့အတွေးမှာ ရောထွေးနေသည်။

ကိုသီလသည် ရွံ့ဗွက်နစ်သော လမ်းအတိုင်း လျှောက်ခဲ့ပြီး အိပ်ခန်းကလေးဆီသို့ လာခဲ့သည်။

အိမ်ပေါ်သို့ ရောက်လျှင်ပင် စုတ်ပြဲစပြုနေပြီဖြစ်သော ပက်လက်ကုလားထိုင်ပေါ်၌ ခန္ဓာကိုယ်ကို ပစ်ချလိုက်သည်။

နောက်ဖေးမှ သားကြီးနှင့် သားလတ် ရန်ဖြစ်သံကို ကြားရသည်။

'ဟဲ့ကောင်လေးတွေ မဆူကြနဲ့ ဒီမှာ ညီညီလေးဖျားနေတယ်ဟဲ့' ကလေးတို့အမေ၏ အသံကိုလည်း ကြားရပြီ။

ရင်ထဲမှာ နင့်ခနဲ ခံလိုက်ရသည်။

သည်သားအငယ်ဆုံး ဖျားနေသည်မှာ သုံးရက်ရှိပြီ။ အစက သိပ်ကြီးကြီးကျယ်ကျယ် ဝေဒနာဟု မထင်ခဲ့။ တစ်ရက်ပျောက်နိုး၊ တစ်ရက်ပျောက်နိုးနှင့် သုံးရက်ရှိပြီ။ ဆေးပေးခန်းသို့လည်း မသွားဖြစ်။ ယနေ့မနက်တော့ ဆရာဝန်ထံ ခေါ်သွားပြီး ပြသည်။ ဆေးထိုးမှ ရမည်။ ထိုးဆေးဝယ်ရမည်။

ထိုအခါက လင်မယားချင်း စကားများခဲ့ရပြန်သည်။ ကိုသီလက ကလေးကို ဆေးပေးခန်း ခေါ်သွားဖို့ ပြောသည်။ မယားက ပိုက်ဆံနမြောရ၍ ဆေးပေးခန်း အသွားခိုင်းသည်ထင်ပြီး မကျေနပ်။ ထို့ကြောင့် ပိုက်ဆံပေးရသော ဆေးတိုက်သို့ သွားသည်။ ပြီး ဆေးပေးခန်းမှာ အချိန်နှင့် ဖြစ်၍ အိမ်ကိစ္စ၊ လင့်ကိစ္စ၊ သားကိစ္စနှင့် အရှည်အကြာ စောင့်ရန်မှာလည်း မဖြစ်နိုင်ဟု ထိုမယားက ဆိုသည်။ အပြင် ဆရာဝန်တွေလောက် ဂရုတစိုက်မရှိဟုလည်း သူ့ထင်မြင်ချက်ကို ပြောသည်။

ထိုအခါ ကိုသီလက ပိုက်ဆံမပေးရတိုင်း သည်လို မပြောသင့်ကြောင်း အစချီပြီး ချေပသည်။ နောက်ဆုံး၌ လင်နှင့်မယား ကြားတွင် ပိုက်ဆံပေးရခြင်းကို အကောင်းထင်သော ပြဿနာနှင့် ပိုက်ဆံမကုန်သဖြင့် အကောင်းထင်သည်ဟူသော ပြဿနာ ဝင်လာပြီး တစ်ယောက်တစ်ပေါက်စကားများကြသည်။

သည်တော့ မယားက သားကိုချီပြီး ဆေးတိုက်သို့ သွားသည်။ အသွားအပြန် သုံးဘီးခ၊ စမ်းသပ်ခ၊ စားဆေးဖိုးနှင့် ဟင်းချက်စရာဖိုးကလေး ကုန်လေတော့သည်။ ထိုဆေးကိုပင် မထိုးခဲ့ရ။

ကိုသီလ၏ ခေါင်းထဲမှာ ရှုပ်ထွေးနေလေပြီ။

နောက်ဖေးမှ ကလေးနှစ်ယောက် ငိုယိုရန်ဖြစ်သံသည် ထိုးဖောက်ဝင်ရောက်လာသည်။ ကလေးအမေသည် အခန်းထဲမှ ထွက်လာသည်။

'တော်ရောက်နေပြီကိုး။ နောက်ဖေးမှာ ကလေးတွေ သတ်နေတာကို နားထောင်ကောင်းနေသလား'ဟု ငေါ့တော့တော့ စကားဆိုပြီး နောက်ဖေးခန်းသို့ သွားသည်။

'ဟောတော့–ဒီမယ် ကိုသီလ ကြည့်စမ်းပါဦး။ တော့သားတွေ ဘာလုပ်နေလဲဆိုတာ'

ကလေးတို့ အမေ၏ အသံသည် ကိုသီလကို မည်သို့မျှ မထိခိုက်သလို ရှိနေ၏။

ခဏအတွင်းမှာပင် ကလေးတို့အမေသည် အမြွာမြွာ စုတ်နေသော စာအုပ်တစ်အုပ်ကို လက်မှကိုင်ရင်း ကိုသီလရှေ့သို့ ရောက်လာသည်။

'ဒီမှာ တော်ရေးတဲ့ စာအုပ်အသစ်ကို ဖြဲပစ်လိုက်ကြပြီလေ'

'ဖြဲပါစေကွာ၊ ဖြဲပါစေ'ကိုသီလက ခပ်မာမာပြောသည်။ သူ့မယား

သည် ကိုသီလကို တွေတွေစိုက်၍ ကြည့်နေသည်။ အတန်ကြာမှ—

'ကဲ ဒါထားပါဦး။ ကနေ့ ငွေလေး'

'တော်ဟေ့ ငွေကြောင်း ကြေးကြောင်း ငါ့ရှေ့လာပြောမနေနဲ့'

'ဘာရယ် ငွေကြောင်း ကြေးကြောင်းဟုတ်လား။ လာလာ ချေသေးတယ်။ မနက်က အရှိန်မပြေသေးဘူးထင်တယ်'

'ဘာပဲဖြစ်ဖြစ်ကွာ။ ငါ့ကို ဘာမှ လာမပြောနဲ့'

'အိမ်ကလူတွေ ငတ်နေတာ ကျုပ်က ရှင့်ကို မပြောလို့ ဘယ်သူ့ ပြောရဦးမှာလဲ'

'ဘယ်သူ့ ပြောပြောကွာ'

ကလေးတွေသည် နောက်ဖေးတွင် ရန်ဖြစ်နေကြဆဲဖြစ်သည်။ အိပ်ခန်းထဲမှ ကလေးသည် ခပ်သဲ့သဲ့ ငိုနေသည်။

'ရှင်ဘာဖြစ်တာတုံး ကိုသီလ။ ဈေးဖိုးကလေး ချန်ထားတာ လည်း မနက်က ဆေးတိုက်မှာ ကုန်ခဲ့ပြီ ဆိုတာ ရှင်အသိသားနဲ့'

'ငါပြောပါပကော။ ဒီအကြောင်းတွေ ငါမကြားချင်ဘူးလို့။ အေး ငါတို့ ဒီက အမြန်ဆုံးပြောင်းမယ်။ တောကိုသွားမယ်'

'အမယ်ပြောတော့ လွယ်လိုက်တာ။ ရှင်က ဘယ်တောသွား မှာမို့လဲ။ ဘယ်တော၊ ဘယ်ရွာမှာများ ရှင့်အဖေ၊ အမေပိုင်ပစ္စည်း ရှိလို့လဲ'

သူ့မိန်းမသည် အနားသို့တိုးလာသည်။ ကိုသီလက မလှုပ် မချောက်။

'အင်း..ကျုပ်က မပြောချင်ဘူး။ ဒါကြောင့် အထက်တန်း စာရေး ဖြစ်ဖြစ်။ ဘာဖြစ်ဖြစ် ဝင်လုပ်ပါဆိုတာ ခုတော့ စာရေးဆရာ လုပ် ချင်ရသတဲ့။ အစက စာရေးကလေးလုပ်တော့မှ လဆန်းရင် ပိုက်ဆံ မြင်ရသေးတယ်။ ခုတော့ မမြင်ရတစ်ချက် မြင်ရတစ်ချက်'

'ဟေ့–တော်တော့လို့ဆိုနေ။ နင်မကြားဘူးလား။ ငါထကန်မိ လိမ့်မယ်နော်'

ထိုအခါ သူ့မိန်းမသည် သူ့ရှေ့မှ ထွက်သွားသည်။

အခန်းထဲမှ တီးတိုးသံများကို ကြားရပြန်သည်။

'သေဟဲ့–သေ။ နင့်တစ်ကိုယ်လုံး ကိုက်လို့မက သေသေ။ နင့် အဖေတစ်ယောက်လုံးကမှ နင့်ကို ပြန်မကြည့်တာ နင်ငိုနေလို့ အပို ပေါ့ဟဲ့။ ဟင်း သူ့ကိုယ်သူ စာရေးဆရာတဲ့။ မိဘမရှိတဲ့ ကလေးနဲ့ ဘာထူးလဲ။ ပါးစပ်က ပြောတော့ တိုင်းပြည်အတွက် ရေးလိုက်တဲ့ စာတွေကဖြင့် ဘဝရှန်းကန်မှုတဲ့၊ လှုပ်ရှားမှုတဲ့၊ လူထုအသိဉာဏ် တိုး တက်မှုတဲ့။ ပြီးတော့ သူတောင်းစားလို တိုက်တကာ ရှောက်သွား ပိုက်ဆံတောင်းစားရတဲ့ အဖြစ်မျိုးကိုများ'မိန်းမသည် ကလေးကို ပြောလိုက်၊ ပြောချင်ရာ ပြောလိုက်နှင့် ရှိနေသည်။ တစ်ချက် တစ် ချက် ရှိုက်သံလည်း ပါလာသည်။ စကားသံမှာ မဆုံး။

သည်တော့လည်း ကိုသီလ၏ အတွေးတွင် ဘဝလုံခြုံမှု၊ ဖူလုံမှု မရှိသောအဖြစ်၊ မည်သူ၏ အားပေးအသိအမှတ်ပြုခြင်း မခံရသော အဖြစ်၊ ကားပေါ်တွင် တွေ့ခဲ့သော လူရွယ်နှစ်ယောက်၊ ကားဘေး တွင် မြင်ခဲ့ရသော ဈေးသည်ကလေးများ၊ သူကြားခဲ့ရသော အလုပ် သမား အခွင့်အရေးများသည် လှုပ်ရှားလာ၏။

ကလေးတို့ အမေ၏ရှိုက်သံကလည်း ရင်တွင်းသို့လာ၍ ထိခတ် ပြန်၏။ ကိုသီလသည် မလှုပ်မယှက် ထိုင်နေဆဲဖြစ်သည်။ သို့သော် မျက်လုံးအိမ်တွင် မျက်ရည်များဝေ့လာ၏။

ပြီး ဘာပဲဖြစ်ဖြစ် ကလေးဆေးဖိုးနှင့် အိမ်စရိတ်အတွက် ရှာဖွေ ရဦးမည်ဟူသော အသိကလည်း တိုးဝင်လာပြန်သည်။

သည်တော့ ယနေ့ည ဝတ္ထုရေးမည်ဟု ဆုံးဖြတ်နေပြန်ချေပြီ။

သို့သော် နောက်တစ်နေ့၌ ကိုသီလသည် ထိုဝတ္ထုအတွက် မဂ္ဂဇင်းတိုက်မှ ကြိုတင်ထုတ်ငွေမရသဖြင့် 'ယနေ့မှစ၍ ငါစာရေးတော့'ဟူသော ဆုံးဖြတ်ချက်မျိုး ချမိဦးမည့်အဖြစ်ကိုကား သူ မတွေးမိသေးပေ။

ဤသို့လျှင် စာရေးဆရာ ကိုသီလ၏ သံသရာသည် လည်၍နေလေသတည်း။

စာပေမဂ္ဂဇင်း၊ သီတင်းကျွတ်လ၊ ၁၃၂၅ ခုနှစ်။

❑

# ကဝေမ မိငွမ်းပုံ

## (၁)

'လိုက်တွားပါအေ၊ အစ်မတို့မှာ ဒီနှစ် အညှက်ကလည်း ရသာမှ မဟုတ်ဘဲ'

မိခင်ဖြစ်သူက အထပ်ထပ်အခါခါ တိုက်တွန်းလာတော့လည်း မိငွမ်းပုံအဖို့ ဘာမျှမတတ်သာတော့ပေ။ စင်စစ် မိငွမ်းပုံသည် မိခင်ဖြစ်သူ၏ စကားကိုလည်း မပယ်လှန်ဝံ့ရှာ။ ရင်တွင်းမှသာ မိခင်ဖြစ်သူနှင့်တကွ သူ့မွေးရာမြေ ခင်တန်းကို ခွဲရမည့်အတွက် မချိတင်ကဲဝမ်းနည်းရလေသည်။ ပြီး ခင်တန်းနှင့် ၁၀ မိုင်နီးပါးဝေးသော မြောင်းသာရွာကိုလည်း မိငွမ်းပုံ မရောက်ဖူး။ တစ်ယောက်ထီးတည်း ထိုအရပ်၌ မိကွဲဖကွဲနေရမည့် အဖြစ်အတွက်လည်း သူ့အဖို့ ပူပန်စိတ်ဖြင့် စိုးနှောင့်နေမိလေသည်။

'ကျုပ် တစ်ယောက်တည်း တွားရမှာလား'

မိခင်စကားကို မတွန်းလှန်ရဲ၍သာ မိငွမ်းပုံ မေးမိသည်။ စင်စစ် ခင်တန်းကို ခွဲ၍ မသွားချင်။ သူ့အဖို့ လူ့ဘဝဆိုသည်မှာလည်း ဤ

ခင်တန်းရွာ ရွာသိမ် ရွာငယ်ကလေးမျှသာ ဖြစ်ပေမည်ဟု မှတ်ယူခဲ့မိလေသည်။ ခင်တန်းမှ ထွက်ခွာခဲ့ရလျှင် ကမ္ဘာမြေအဆုံး ချောက်ကမ်းပါးသို့ ကျရလေမည်ဟု သူ့စိတ်၌ ယိုးမှားနေမည်လား မဆိုနိုင်။

ပြီး မြောင်းသာသို့ သွားရမည့်အရေးကိုလည်း မိဂွမ်းပုံ မတွေးတတ်။ တွေးလည်း မတွေးခဲ့။ စင်စစ် လောကဆိုသည်မှာ မြောင်းသာလို၊ ခင်တန်းလိုရွာတွေ ပေါင်းစည်းထားတာမျိုးပါကလား ဆိုသည်ကိုလည်း သူနားမလည်။

ကြုံတတ်ဆုံတတ်သည့် အဖြစ်မျိုး၊ ကြုံရ ဆုံရမည့် အခြေအနေမျိုးတွေကိုလည်း မိဂွမ်းပုံ မစဉ်းစားခဲ့။ ယခုကား ကွေကွင်းရအံ့သောအဖြစ်ကို မိဂွမ်းပုံ ကြုံဆုံရချေပြီ။ သို့ပေမဲ့ ဤလိုအဖြစ်မျိုးတွေနှင့် ကြုံဆုံရသော အကြောင်းရင်းမျိုးကိုကား ဆက်၍ မတွေး။

မိဂွမ်းပုံတို့ရွာကလေး ခင်တန်းကား မြန်မာပြည်အလယ်ပိုင်း မကွေးတောင်တွင်း ကားလမ်းမကြီး၏ အတွင်းဘက် ကားလမ်းမှ ၁၀ မိုင်ကျော်ခရီးမှာ ရှိလေသည်။ သူတို့လို ရွာကလေးများမှာ ဤကမ္ဘာမြေ၌ ရှိစေကာမူ လောကတစ်ခုလုံးနှင့် အဆက်ပြတ်နေသကဲ့သို့ ရှိ၏။ ရွာဟု ဆိုရစေကာမူ အိမ်ခြေ ၁၀၀ မျှ မပြည့်ချင်။ စိုက်ပျိုးရေးထွန်ယက်နိုင်သော မြေအမျိုးအစားမဟုတ်၍ ယာအလုပ်လည်း မလုပ်နိုင်။ ရွာအနီးမှ ထန်းတောမှာ ထန်းအလုပ် လုပ်ရသည် ဆိုစေကာမူ ရသမျှထန်းလျက်သည် သူတို့အတွက် တစ်နှစ်စာ ဝမ်းရေးကို မဖူလုံနိုင်။ သည်တော့လည်း မိုးကျသည်နှင့် တစ်ပြိုင်နက် သူတို့ရွာမှ ၁၀ မိုင်ကျော်ဝေး၍ မော်တော်ကားလမ်းနှင့်လည်း နီးသော ယင်း ချောင်းမှ ရေသွယ်၍ စပါးစိုက်ခင်း စိုက်ပျိုးနိုင်သည့်ပြင် ယာမြေလည်း ဖွံ့ဖွံ့ဖြိုးဖြိုးလုပ်နိုင်သည့် မြောင်းသာလို ရွာများသို့ သွားရောက်ကာ ယာ

ထွန် လယ်ကူလီ လုပ်ကိုင်ကြရလေသည်။

စင်စစ် မိဂ္ဂမ်းပုံတို့ခင်တန်းကား လူ့ဘဝ အတန်းအစား၌ စာရင်းထားရန် နေရာအဆင့်ပင် ရှိလိမ့်မည် မထင်။ အတည်တကျ နေစရာ ရွာဟု ဖွဲ့စည်းထားခဲ့ပေမဲ့ ရွာမှ လူအများမှာ ဟိုသည်ရွှေ့လျားကာ အလုပ်လုပ်ရသည့်အချိန်က များလှသည်။ ဤကမ္ဘာမြေ၌ နေစရာမြေလည်း အတည်တကျမရှိသူတွေဟု ဆိုရချေမည်။

သည်တော့ တစ်နေ့နေ့တွင် မိဂ္ဂမ်းပုံ ခင်တန်းရွာကလေးမှ ထွက်ခွာရပေမည်ကို ကြိုတင် သိထားအပ်ပေမဲ့ မိဂ္ဂမ်းပုံ မသိခဲ့။ ထို့ကြောင့်ပင် မိခင်က မြောင်းသာသို့ သွား၍ ဝမ်းစာရှာရမည်ဟု ပြောလာသောအခါ မိဂ္ဂမ်းပုံ ရင်နာရတော့သည်။

'ငါ လိုက်လို့ မဖြစ်ပါဘူးအေ။ ငါ့ကို တူတို့က တိနေကြသာအေ့။ ဒီတော့ ငါလိုက်ရင် ညည်းကိုပါ တူတို့က ဒုက္ခပေးကြလိမ့်မယ်။ အမှင်းတလုတ် စားရဖို့ အရေးပါအေ...'

မိဂ္ဂမ်းပုံ၏ မိခင်သည် ဤအကြောင်းတို့ကို ပြန်ပြောင်းပြောရလိမ့်မည် မထင်ခဲ့။ အခု အခြေအနေမျိုး ကြုံရတော့လည်း သမီးလိုဝေဒနာမျိုး ရင်မှာ ခံစားရသည်။ သိပေမဲ့ အကြောင်းရင်းချင်းကား မတူ။

စင်စစ် မိဂ္ဂမ်းပုံသည် သူ့ဘဝနှင့် လူ့လောကတစ်ခုလုံးကို မဆိုထားဘိ။ သူသွားရမည်ဆိုသော မြောင်းသာရွာနှင့် သူ့မွေးမြေ ခင်တန်းရွာကလေးအကြောင်းကိုမျှ စေ့ငစွာ မသိရှာ။ ဒါတွေကို မိခင်ဖြစ်သူက ပြောပြချင်ပေမယ့် နှုတ်မှ ပြောမထွက်ပြန်။ ရင်မှာ သိုသိပ်ထားရသည်ဆိုတော့လည်း ဤအကြောင်းတို့မှာ ပိုမိုနာကြည်းဖွယ် ဖြစ်ရ၏။ သို့ပေမယ့် ခင်တန်းတစ်ရွာလုံးအဖို့ ရင်နာစရာများကို ကြုံခဲ့ရလှပြီမို့ သူတို့ရွာကလေး၏ ဘဝဆိုးကို မစဉ်းစားလိုကြ။ စဉ်းစားမိပြီဆိုဦး

အဖြေမှန်ကို မရှာတတ်။ အဆုံးကျတော့လည်း သူတို့အဖို့ ဘဝ ကုသိုလ်ပေးပါကလားဟူသော တရားဆေးဖြင့်သာ ကျေအေးခဲ့ရ သည်။

ကဝေရွာ ခင်တန်း။ စင်စစ် သည်အကြောင်းကို မိဂွမ်းပုံ မသိရှာ။ မြောင်းသာရွာမှ လူတွေသည် ခင်တန်းရွာကလေးအား ကဝေရွာဟု အမှတ်ထားခဲ့ကြလေ၏။ မြောင်းသာရွာ၌ ခင်တန်းရွာအကြောင်းကို ပြောကြပြီဆိုတော့လည်း ခင်တန်းရွာမှာ ၁၂ ကြိုးစုန်းမများ၊ ပညာ သည်ကဝေများ နေထိုင်သော ရွာကလေးအဖြစ် ပြောပြတတ်ကြ သည်။ အကြောင်းရင်းကိုကား မည်သူမျှ ခိုင်လုံစွာ မဖော်ပြတတ်ကြ ပေ။

တစ်ခုတော့ ရှိသည်။ ခင်တန်းရွာက လူတွေမှာ မြောင်းသာက လူတွေလို မကြွယ်ဝ၊ မချမ်းသာ။ သည်တော့ အဆင်တန်ဆာမှာ အမြဲလို ညှိုးနွမ်းလေ့ရှိသည်။ ပြီး ခင်တန်းရွာ၌ စေတီကျောင်းကန် ဟူ၍ မရှိ။ ပညာသင်ကျောင်းဆိုသည်ကား ဝေးဘိခြင်း။ မိမိတို့ အသက်ရှင်ရေးကိုပင် မရပ်မနား ကြိုးပမ်းရသော ခင်တန်းအဖို့ကတော့ ရွာအနီးမှာ ကိုးကွယ်ရန် စေတီငယ်မျှ မတည်နိုင်ရှာ။ အမြဲ ဝတ်ပြု ရန် ဘုန်းတော်ကြီးတစ်ပါးပါးအတွက် ကျောင်းဆောက်၍လည်း မလှူ နိုင်။

ရှိစေတော့။ မြောင်းသာမှာ ဆိုလျှင်ကား မူလတန်း စာသင် ကျောင်းကလေးလည်း ရှိသည်။ ရွာအရှေ့ဘက်၌လည်း ရွာကလူ များ ကိုးကွယ်ရာ ဦးသောဘိတ၏ ကျောင်းဝင်းမှာ သိမ်တိုက်၊ ဂန္ဓ ကုဋီတိုက်၊ စာသင်စာချတိုက် စသည့် အုတ်တိုက်ကြီးများ၊ ပျဉ်ထောင် သွပ်မိုး စံကျောင်းကြီးများနှင့် ထည်ဝါလှပေသည်။ ရွာတောင်ဘက် နှစ်ကျိပ်ရှစ်ဆူစေတီဝင်းဆီမှ ဆည်းလည်းသံလွင်တို့က ဗုဒ္ဓရှင်တော်၏

ဓမ္မတေးကို မပြတ်ရင့်ကြွေး၍ ကျောင်းသာရွာအား လွှမ်းခြုံနေဟန် ရှိလေသည်။ စင်စစ်တော့လည်း ကျောင်းသာနှင့် ခင်တန်းကား လောက ချင်းလည်း မတူ၊ ဘဝချင်းလည်း ခြားနားလှ၏။

သည်လို အကြောင်းမျိုးတွေလည်း ပါချိမ့်မည်။ ခင်တန်းရွာ ကလေးကား စုန်းကဝေတို့ ရွာဟု ကျောင်းသာရွာမှ အစွဲအမှတ်ထားခဲ့ ပြီ ဆိုတော့လည်း ကျောင်းသာရွာသည် ခင်တန်းကို ဝိုင်းပယ်ခဲ့လေ သည်။ ခင်တန်းမှ ထန်းလျက်သည် ဆိုလျှင် ထန်းလျက်ခဲ၌ အပင်း သွင်း၍ လူကို ပြုစားတတ်သူများဟု ယိုးစွဲကာ အဝယ်အခြမ်း မပြုခဲ့။ ခင်တန်းမှ လာသော လယ်ကူလီဆိုလျှင် ကျောင်းသာက လူတွေ မနှစ်မြို့။

စင်စစ် သည်အကြောင်းတို့ကို မိဂွမ်းပုံ မသိရှာ။

'ဘာလို့ အစ်မ လိုက်ရင် မဖြစ်ရသာလဲ အစ်မရယ်'

မိဂွမ်းပုံက ထပ်ဆင့် မေးလာပေမဲ့ မိခင်ဖြစ်သူက အဖြေ မပေးရဲ၊ မိဂွမ်းပုံ သိရ၍လည်း အကြောင်းထူးလိမ့်မည်ဟု သူမထင်။ အကြောင်း ထူးပြီဆိုဦး မိဂွမ်းပုံရင်သာ နာရပေမည်။ သမီး ရင်နာရမည်ကို ဘယ်မိခင်မျိုးက လိုလားပါမည်နည်း။

လွန်ခဲ့သော နှစ်များစွာကပင် မိဂွမ်းပုံတို့ မိခင်သည် ထန်းလျက် တောင်းကို ခေါင်းရွက်၍ ကျောင်းသာရွာကို ရောက်ခဲ့ဖူးပါသည်။ သည်တုန်းကပင် ကျောင်းသာရွာသည် မိဂွမ်းပုံတို့မိခင်အား ခင်တန်းမှ ဟု သိရသည်နှင့် ထန်းလျက်သည် ကဝေမဟု အမှတ်ထားခဲ့ကြ၏။ သည်တော့ ယခုတစ်ခေါက် မိဂွမ်းပုံ၏ မိခင် ကျောင်းသာသို့ ရောက် ရဦးမည် ဆိုပါက ကျောင်းသာရွာမှ လက်ခံပါဦးမည်လား။

'ဒါတွေကို ညည်း မတိချင်ပါနဲ့အေ။ ခု ညည်းတွားရမယ့်ဟာ ကလည်း ညည်းချည်းမှ မဟုတ်သာပဲ။ ထိမ်ပင်ကုန်းက ကောင်မ

တွေနဲ့ လိုက်ရမှာပါ။ ညည်း ဟိုကို ရောက်ရင်သာ ညည်းကိုယ်ညည်း ခင်တန်းက လာသာလို့ ဟိုကလူတွေ မတိစေနဲ့ပေါ့အေ'

မိခင်ဖြစ်သူ၏ စကားတို့ကို ငွမ်းပုံ နားမလည်နိုင်တော့ပေ။ သည်လို အခြေအနေမျိုးနှင့် သွားရမည့် အရေးကို ရင်လေးမိပေမဲ့ သူ့အဖို့ မိခင်စကားတွေကို အဖြေမရှာခဲ့။ မသွားမဖြစ်မည့် အခြေအနေကိုသာ ငွမ်းပုံ နားလည်ရသည်။ သည်အခါမှာ မျက်ရည်ဝေရတော့၏။

'မငိုပါနဲ့အေ၊ ညည်းမတွားချင်သလို ငါလည်း ဘယ်လွှတ်ချင်ပါ့မလဲ၊ ဒီတစ်နှစ်တော့ တွားလိုက်ပါအေ။ နောက်နှစ်တွေကျ အစ်မတို့အညွှက်ကို ပိုလုပ်ဖြစ်ရင် ညည်း မတွားရပါဘူး။ အဲ–ငါ ပြောသာတေကိုသာ ညည်းမမေ့နဲ့'

ငွမ်းပုံတို့ သမီးနှင့် မိခင်၏အဖြစ်ကား ပြောင်းလဲ၍ မဖြစ်တော့ပေ။ ရင်နာစရာတွေကို ရင်မဆိုင်လိုကြပေမဲ့ ပေးလာသော အခြေအနေကို သူတို့တစ်တွေမှာ ကုသိုလ်ကံတရားဟု ဖွဲ့ထားမိပြီဆိုတော့လည်း မပြေဘဲနှင့် ပြေလည်ယောင် ကျင့်ရပေမည် မဟုတ်လား။

ဖော်ပြစရာ တစ်ခုစ နှစ်ခုစကား ကျန်ခဲ့လေပြီ။ ငွမ်းပုံတို့ ဒေသမှာ ထန်းရည်ကို သောက်၍ မုရင်းဆန်နီတာရဲနှင့် ပြောင်းဆန်စားကြရသူများ ဖြစ်၍ တနင့်သကိုပင် ခွဲခြား၍ ပီပီသသ မပြောတတ်ကြပေ။ ထန်းလျက်မှာလည်း သူတို့စကား၌ အညွှက်ဖြစ်ရ၏။ ထမင်းမှာလည်း အမှင်းဖြစ်ရလေသည်။ မိခင်ကို အစ်မဟု ခေါ်သည်ကား သူတို့ စရိုက်တစ်ခုဟု ဆိုရချိမ့်မည်။

ရှိစေတော့။ သူတို့ ယုံစားလှသော ကုသိုလ်ကံတရား၏ စေခိုင်းချက်အရပင် ယခုတော့ ငွမ်းပုံ တစ်ယောက် ခင်တန်းကို ခွဲခွာရပေတော့မည်။ မမြင်ရသော ကံတရားက ငွမ်းပုံအား မြောင်းသာအရောက်

ပို့ဆောင်ပေလိမ့်မည်။ သို့ဖြင့် မျက်ရည်သွယ်ကျကာ ဂွမ်းပုံ ခင်တန်းမှ ဝေးခဲ့ရလေပြီ။

'ညည်းကိုယ်ညည်း ခင်တန်းက လာသာလို့ မြောင်းသာက လူတော မတိစေနဲ့'

မိခင့်မှာစကားလည်း နားမှာ စွဲခဲ့လေပြီ။

ကဝေစုန်းမနှင့် ပညာသည်တို့နေသော ခင်တန်းရွာမှ မိဂွမ်းပုံ တစ်ယောက် မြောင်းသာကို ရောက်ရပေတော့မည်။

## (၂)

လူ့ဘဝဆိုသည်မှာ ဤသို့ သုခချမ်းသာမျိုးတွေလည်း အပြည့် ရှိပါကလားဟု ယခုတော့ မိဂွမ်းပုံ ကိုယ်တွေ့ ကြုံရလေပြီ။

အကယ်၍ မိဂွမ်းပုံသာ စကားပမာနိုင်း၍ ဆိုတတ်သူများဖြစ်လျှင် ခင်တန်းကို ငရဲပြည်နှင့် ပုံနှိုင်း၍ မြောင်းသာကို နတ်ပြည်နှင့် ပမာထားလေမည်လား မဆိုနိုင်။

မြမြစိမ်းသော လယ်ခင်း၊ ယာကွက်တွေမှာ ပျော်ရလေပြီ။ ဆည်းလည်းသံ ချိုလွင်သော စေတီဝင်းသို့လည်း ဂွမ်းပုံ ရောက်ရ၏။ ပြောစည်သံတညံညံနှင့် အလှူပွဲတို့ကိုလည်း သူ ဝင်နွှဲရလေပြီ။ ကကြီး၊ ခခွေးဟု ကလေးများ သံပြိုင်ဆိုသော မြောင်းသာရွာ မူလတန်းကျောင်းဘေးမှာလည်း ဂွမ်းပုံ တစ်ရပ်တစ်ငေး ငေးခဲ့ရဖူးလေပြီ။

'မြောင်းသာက လူတွေက လူချမ်းသာတေ ဆိုသာ ကျုပ်ဖြင့် ခုမှ မြင်ဖူးတော့တယ်'

ဤသို့ပင် ဂွမ်းပုံ စကားတိုးတိုးပြောမိလေပြီ။ သည်တော့ သူနှင့် အတူ ပါသူများက ဂွမ်းပုံအတွက် လျှောင်ကွက်ရသည့်အလား–

'ဒီကောင်မက မြို့မရောက်ဖူးလို့ပ၊ မြို့ရောက်ရင် ညည်း ဒီသက်အံ့ညြမှာ၊ သာမျိုးပ မမြင်ဖူး မူးမြစ်ထင် ဆိုသာ'

စကားဆိုကြလေသည်။

မည်သို့ပင် ဖြစ်စေ ငွမ်းပုံ မြောင်းသာရွာလယ်ခင်းတို့တွင် မုန်ညင်းနုတ်လိုက်ရင်း၊ ယာခင်းတို့၌ ပဲချလိုက်ရင်း ခင်တန်းရွာကိုပင် မေ့နိုင်ခဲ့လေပြီ။

နှမ်းခင်းတစ်ခုလုံး၌ ပျံ့ကျဲယာကျွန် မိန်းကလေးတို့၏ တေးသံဖြင့် စီစီညံ၍နေသော နေ့တစ်နေ့ကိုကား ငွမ်းပုံ မေ့လွယ်မည်မထင်။

ညခင်းက မိုးဆမ်းထားသည်မို့ အဝေးရှုခင်းသည် လန်းဆန်းစိုပြည်နေလေသည်။ ပေါင်းနုတ်ချိန်မို့ တစ်ဖက်နှမ်းခင်းတွင် ပေါင်းသင်နေသော ယာကျွန်မတို့မှာ ပေါင်းပင်တို့ကို နုတ်ရင်းတေးဆိုနေကြ၏။ ငွမ်းပုံသည် သူတို့နှင့်အတူ တေးချင်းကို လိုက်၍ ညည်းချင်ပေမယ့် သူတေးချင်း မရ။

'ဟဲ့–ကောင်မ၊ ညည်း တေးချင်း မရဘူးလားအေ့'

ဟု တစ်ဖက်တာကန်မှ ထိမ်ပင်ကုန်းသူ ရွှေမှုန်က မေးလာတော့လည်း ငွမ်းပုံ ရှက်မိပြန်သေးသည်။

'မရဘူးအေ့'

'ညည်းနဲ့အေ့...ဒီယာတောလယ်မှာ ငါပြောမယ် ရွှေရှင်ဘုရင်ရဲ့ကိုမှ မရဘူးလားအေ့၊ ဟော–သူတို့ ဆိုကုန်ပြီ၊ လိုက်ဆိုကြည့်စမ်း၊ ယာတောလယ်မှာအေ... ငါပြောမယ် ရွှေရှင်ဘုရင်ရဲ့၊ နင် ဆင်ခြင်ဦး'

ရွှေမှုန်က သံနေသံထားဖြင့် ဆိုပြလာတော့လည်း ငွမ်းပုံ မသိမသာ တီးတိုးလိုက်၍ ဆိုမိသည်။

သည်နေ့ နေမွန်းတည့်၍ တာသိမ်းမိပြီ ဆိုတော့ ဒီတေးချင်းကို

မိဂွမ်းပုံ အလွတ်ရခဲ့လေသည်။ အလုပ်ကအပြန် ဖော်ချင်းတစ်စုနှင့် ရွာတောင်ဘက် ယင်းချောင်းသို့ ရေချိုးသွားကြပြီဆိုတော့လည်း မိဂွမ်းပုံ ဒီသီချင်းကိုပင် တီးတိုးဆိုခဲ့မိသေးသည်။

ယခုလို ဆိုတော့လည်း ဂွမ်းပုံဘဝမှာ သောကကင်းဝေးရပြန်သည်။

ယင်းချောင်းကို ရောက်ပြီ ဆိုတော့ ဆည်ဝကို မိဂွမ်းပုံ ရောက်ရပြန်သည်။

စိန်ပန်းပင်ဆည်ကြီးက ယင်းချောင်းမှ ရေကိုသွယ်၍ မုရင်း စပါးခင်းများဆီသို့ ရေသွင်းပို့ရာ ဆည်မကြီး ဖြစ်လေသည်။ ဆည်ဝက စိန်ပန်းပင်ကြီးအောက်မှာ ဂွမ်းပုံတို့လူသိုက် ရေချိုးရတော့ ဂွမ်းပုံ စိတ်မှာ မြူးထူးရွှင်ပျမိသည်။

'ဟဲ့–ကောင်မ၊ ဘာလဲ သစ်ပင်သက်မလို့လား'

ဂွမ်းပုံက စိန်ပန်းပင်ပေါ် တက်မည်ပြင်လိုက်သည်ကို ရွှေမှုန်က လှမ်းအော်လိုက်လေ၏။ အစကတော့လည်း ဂွမ်းပုံ စိန်ပန်းပင်ပေါ်တက်၍ 'ယာတောလယ်မှာ ငါပြောမယ် ရွှေရှင်ဘုရင်ရဲ့' တေးချင်းကို သံကုန်ညည်းမည် ကြံမိသေးသည်။ ရွှေမှုန်က ပြောလာသည် ဆိုတော့လည်း–

'ဟုတ်ပါဘူးအေ' ဟု စကားပြန်၍ ဆိတ်ဆိတ်နေပြီး စိန်ပန်းပင်ကြီးကို ငေးမောကြည့်နေမိပြန်သည်။

သည်နေ့က ဆည်ဝမှ စိန်ပန်းပင်ကို မိဂွမ်းပုံ ပထမအကြိမ် ရောက်ခဲ့ရလေသည်။

ဆည်ဝက အပြန်မှာ ဂွမ်းပုံ ကိုဖိုးထင်ကို စ၍ တွေ့ရသည်။

'အလို....ရေချိုးပြန်လာကြသလားဗျ'

ရေချိုးပြန် ဂွမ်းပုံတို့ လူစုသည် မြောင်းပေါင်ကိုလျှောက်လာရင်း

နောက်ဆီမှ ချူသံကို ကြားစဉ်ကတည်းကပင် ကိုဖိုးထင်ကို မြင်ခဲ့ရလေပြီ။ ကိုဖိုးထင်သည် ချောင်းတစ်ဖက်ရွာမှ လှည်းကို နှင်၍ ပြန်ခဲ့ဟန်တူ၏။

'ဟုတ်သယ် တော့'

ကိုဖိုးထင်က ငွမ်းပုံတို့ လူစုအနီး၌ လှည်းအရှိန်လျှော့၍ မေးလိုက် သည်ကို ခတ်တိုင်းငန်ရွှေမှုန်က အဖြေပေးလိုက်လေသည်။

'ရွာပြန်ကြမှာဖြင့် ကျုပ်လှည်းနဲ့ လိုက်ခဲ့ကြပါလား'

'ကျုပ်တို့ အကုန်လိုက်လို့ ရပ့ါမလား'

'ရပါတယ်ဗျာ၊ ခင်ဗျားတို့ ငါးယောက်လောက်များ၊ ကျုပ်လှည်းက ရှစ်ယောက်တောင် တင်မောင်းဖူးတာဗျ'

ကိုဖိုးထင်ကို ငွမ်းပုံတို့လူစု သိကြပြီ ဖြစ်သည်။ ကိုဖိုးထင် မှာ ရွာလယ်မှ လယ်ရှင်ကြီး ဦးဉာဏ်ဝ၏ တစ်ဦးတည်းသောသား ဖြစ်၍ ငွမ်းပုံတို့ လူစု အလုပ်လုပ်ရာ ယာခင်း၊ လယ်ခင်းများကို ရံဖန်ရံခါ ရောက်လာတတ်သူ ဖြစ်လေသည်။

'ကိုဖိုးထင်၊ တောင်ဘက်ရွာက ပြန်လာသာ ထင်ပ့ါ'

ရွှေမှုန်အဖို့ကား ကိုဖိုးထင်နှင့် ကျွမ်းဝင်ခဲ့ရသည်မှာ ယခုမှ မဟုတ်။ လွန်ခဲ့သော နှစ်များကလည်း ရွှေမှုန် မြောင်းသာကို ရောက်ခဲ့ဖူးသည်မို့ ကျွမ်းဝင်စရှိခဲ့၏။ သည်တော့လည်း ရွှေမှုန်က ရဲရဲတင်းတင်း စကားဆိုသည်ကို ငွမ်းပုံ မအံ့သြမိ။ တစ်လှည်းလုံး ငွမ်းပုံမှအပ ကိုဖိုးထင်နှင့် သိကျွမ်းကြသူတွေဖြစ်၍ စကားစပ်ရာပြော၍ လိုက်ပါခဲ့ကြသော်လည်း ငွမ်းပုံအဖို့ကား စကားလည်းဆိတ် ခေါင်းလည်းငုံ့၍ လိုက်ခဲ့ရ၏။ အကြောင်းက ငွမ်းပုံ ခေါင်းဖော်၍ ကိုဖိုးထင်ကို ကြည့်လေတိုင်း လှည်းမောင်းရာမှ လည်ပြန်ကြည့်တတ် သော ကိုဖိုးထင်၏ မျက်လုံးများနှင့် ဆုံမိ၍ သူ့ရင်တွေ တုန်လှုပ် ရလေသည်။

လှည်းကလေးသည် ရွာတောင်ဘက် မန်ကျည်းတော တလင်းသို့ ရောက်ခဲ့လေပြီ။

'ဒါထက် သူက ဒီနှစ်မှ လိုက်လာတာ ထင်ပါရဲ့ မရွှေမှုန်'

ဂွမ်းပုံ၏ ရင်သည် ဒိတ်ဒိတ်ခုန်ရလေပြီ။

'ဟုတ်သားပဲ၊ ဟဲ့ကောင်မ ညည်းကို မေးနေသာ၊ ပြောလိုက်ပါလား'

ရွှေမှုန်က မထိခလုတ် ထိခလုတ် စကားဆိုလာတော့ ဂွမ်းပုံ အနေမတတ်။

'ဟုတ်...ဟုတ်ပါသယ်'

ဂွမ်းပုံအသံတွေ တုန်နေကြလေသည်။ ယောင်ယမ်း၍သာ ပြောလိုက်ရသည်။ ဘာပြောမိသည်ကို ဂွမ်းပုံမသိရှာ။

'ကျုပ်လုံမက ဘယ်အရပ်ကလဲ'

ဂွမ်းပုံ ကြောင်အအ ဖြစ်ရပြန်လေသည်။

'ကျုပ်တို့ဆီကပဲပေါ့'

ရွှေမှုန်က ကြားဝင်ဖြေလိုက်မှ ဂွမ်းပုံအဖို့ ရင်အေးရသည်။

'သြ...ဘယ့်နှယ် လုံမက စကားမတတ်ဘူး ထင်ပ။ မရွှေမှုန်ကချည်း ရှေ့နေလိုက်နေပါကလား။ ကဲ... နာမည်ကလေး တစ်ဆိတ်'

လှည်းကလေးမှာ တလင်းကွင်းမှအထွက် လျှိုမြောင်အဝင် ချိုင့်တွင်းသို့ ရုတ်ခနဲဆင်းလိုက်သည်နှင့် ဂွမ်းပုံ၏ ခန္ဓာကိုယ်ကလေးမှာ မထိန်းနိုင်ဘဲ လှည်းဆရာ၏ နောက်ကျောပြင်နှင့် ဝင်၍ ဆောင့်လိုက်မိလေသည်။ လှည်းဆရာက ရှေ့ကိုလှည့်နေ၍ တော်သေးသည်။ နောက်လှည့်စကားပြောစဉ်ကသာဆိုလျှင် ဂွမ်းပုံ မတွေးတတ်။ ရင်မှာသာ တဆတ်ဆတ် တုန်နေ၏။

'ဂွမ်းပုံပါ'

အသံမှာလည်း တဖျတ်ဖျတ် ခုန်နေလေသည်။

သည့်နောက် တစ်လမ်းလုံး ဆိုသလို လှည်းဆရာသည် မိဂွမ်းပုံကို ရည်ညွှန်း၍ စကားဆိုသည်က များခဲ့၏။ သူ ပြောသော စကားတွေ၌ ယခုကဲ့သို့ လာရောက် လုပ်ကိုင်ရသည်ကို ပျော်ပါသလား၊ နောင်လည်း နှစ်စဉ် လာစေလိုသည့်အကြောင်း၊ အခက်အခဲတွေ့လျှင် ကူညီရန် အသင့်ရှိကြောင်း စသည်တို့ ဖြစ်၏။

တစ်လမ်းလုံး ဂွမ်းပုံ ရင်တွေ ခုန်ခဲ့ရလေတော့သည်။ ဝေဒနာကိုကား အမည်နာမ မပေးတတ်။

မည်သို့ဖြစ်စေ သည်နေ့ကို ဂွမ်းပုံ မေ့နိုင်ပါမည်လား။

ယာတောလယ်မှာ တေးချင်းကိုလည်း ရခဲ့၏။

ဆည်ဝမှ စိန်ပန်းပင်ကြီးကိုလည်း ရောက်ခဲ့သည်။

ပြီး ကိုဖိုးထင်နှင့် တွေ့၍ ရင်ခုန်ရသော ပထမနေ့။

## (၃)

ယခုတော့လည်း မိဂွမ်းပုံသည် ဤကမ္ဘာလောကဟု ဆိုအပ်သော သူ့ဘဝကလေးနှင့် စပ်လျဉ်းသမျှကိုပင် မေ့လျော့နိုင်ခဲ့လေပြီ။

သည်တော့ ပန်းတင်ချောင်းအကြောင်းကို ဖော်ပြရချိမ့်မည်။

ပန်းတင်ချောင်းကား မိဂွမ်းပုံ ဒန်းဆင်စီးမိသော နဂါးငွေ့တန်းဟုလည်း ဆိုနိုင်ပေမည်။ သို့မဟုတ် မိဂွမ်းပုံ၏ လျှို့ဝှက်ဥယျာဉ်ကလေးဟု ဆိုရပေမည်။ ထိုမိဂွမ်းပုံ၏ လျှို့ဝှက်ဥယျာဉ်ဝယ် ကိုဖိုးထင်၏ အနမ်းပန်းတို့ပွင့်သော အကြောင်းကိုကား ပန်းတင်ချောင်းကလေးမှအပ တစ်ပါးသူတို့ မသိကြပေ။

ရင်ခုန်ရပြီ ဆိုတော့လည်း အမြင့်ဆုံးသော တောင်ပေါ်သို့ တက်၍ ဂွမ်းစိုင်ပေါ်သို့ ခုန်ချခဲ့စဉ် လေဟာပြင်၌ နှလုံးသားကို လွှင့်စဉ်

စေရခြင်းမျိုးသည် ကြည်နူးစရာတစ်ပါးဟု မိဂွမ်းပုံ အမှတ်ထားတတ်ခဲ့ပေလိမ့်မည်။

'ဟိုကောင်မတော မတိပါစေနဲ့ ကိုဖိုးထင်ရယ်၊ ရှိကြီးခိုးပါရဲ့'

ပေါင်းသင်ချိန်တစ်နေ့က စတင်ကြုံဆုံခဲ့ရသော သူတို့နှစ်ယောက်သည် ဟိုတစ်ကွက် သည်တစ်ကွက်နှင့် အများမသိမမြင်သာ ဓာတ်လမ်းကို ဆက်ကရင်းနှင့် မြေပဲဥနုနုကလေးများ ရွှမ်းချိုချို ဖြူဖြူဖွေးဖွေး ဖြစ်ခဲ့သည့်အချိန်မျိုးသို့ပင် တိုင်ခဲ့လေပြီ။

ပန်းတင်ချောင်း၌ ချိန်း၍ တိတ်တဆိတ် တွေ့ခဲ့သည်မှာလည်း အကြိမ်အခါ များခဲ့လေပြီ။

မိဂွမ်းပုံ ရင်တွေမှာ မောဟိုက်နေကြသည်မို့ အသံကလေးများပင် တုန်ယင်နေကြလေသည်။ ကိုဖိုးထင်က ဂွမ်းပုံ၏ခန္ဓာကိုယ်ကလေးကို တင်းတင်းအစ်အစ် ဖျစ်ညှစ်ဖက်ထားလေသည်။

'မသိပါဘူး ဂွမ်းပုံရယ်'

'ကျုပ်တော့လေ ကိုဖိုးထင် အလိုကိုချည်း လိုက်လိုက်နေရသာပဲ'

'ငါ သိပါတယ် ဂွမ်းပုံရာ၊ နင့်ကို ငါပြောပြီးသား မဟုတ်လား၊ နင့်ကို ငါတကယ် ချစ်တာပါ။ ကောက်သင်းသိမ်းပြီးလို့ နင်တို့ ပြန်ရင် ငါတစ်ခါတည်း လိုက်ခဲ့ပြီး တောင်းရမ်းယူပါ့မယ်လို့ ငါ ပြောထားတယ် မဟုတ်လား'

'ကျုပ်စိတ်ထဲမှာ တစ်မျိုးကြီးပဲ ကိုဖိုးထင်၊ ကျုပ်လေ တော့်ကိုတွေ့ရရင် ပျော်သာပဲ၊ ဒီပြင် မတိဘူး။ နောက်ကျ တော်နဲ့ခွဲပြန်ရမှာကိုလည်း ကျုပ် တိပ်ကြောက်သာပဲ၊ တော့်မိဘတွေက ကျုပ်နဲ့ တဘောတူပါ့မလား ကိုဖိုးထင်'

'ဒါတွေ တွေးမပူစမ်းပါနဲ့ ဂွမ်းပုံရာ၊ ငါ့မိဘတွေဟာ ငါ့ သဘော

တစ်ခုပါဟ၊ ဒီမှာ ငွမ်းပုံ မနက်ဖြန်ညကျ တလင်းကွင်းကို လာခဲ့ပါလား။ ငါစောင့်နေမယ်လေ'

ခပ်လှမ်းလှမ်း ယာခင်းဆီ၌ နှမ်းသိမ်းနေကြပြီမို့ 'ယာတောလယ်မှာအေ ငါပြောမယ် ရွှေရှင်ဘုရင်ရဲ့၊ နင် ဆင်ခြင်ဦး' တေးသံသည် လွင့်ပျံနေလေသည်။

ငွမ်းပုံ စကားပြန်မပေး။

အတန်ကြာ တိတ်ဆိတ်နေခဲ့ပြန်လေသည်။ တေးသံသည် သူတို့ တိတ်ဆိတ်ခြင်းကို မဖြိုခွဲနိုင်။

'ငါ ပြန်မယ် ငွမ်းပုံ'

ငွမ်းပုံ ခေါင်းညိတ်ခဲ့ရသည်။

ပုစ္ဆာကိုလည်း ငွမ်းပုံ မသိ။ အဖြေကိုလည်း ငွမ်းပုံ မရှာ၊ ဘယ်ကလာ၍ ဘယ်ကိုရောက်ရသည် ဆိုခြင်းကိုလည်း ငွမ်းပုံ ပြောပြတတ်မည် မဟုတ်။

ပန်းတင်ချောင်းသဲမြေ၌ အမောပြေလှဲရင်း ကောင်းကင်သို့ ငေးမောကျန်ရစ်ခဲ့ရပြန်လေပြီ။ သူတွေ့သည့် တိမ်စိုင်တွေနှင့်အတူ ပျံနိုင်ပြီ ဆိုသောအခါ၌ ငွမ်းပုံသည် ကြယ်ကိုခူး၍ ခေါင်းမှာဆင်ပေးမည်ဆိုသော စကားမျိုးကို ယုံစားမိမည် မလွဲပေ။ ကေသာထက်ဝယ် ငွေကြယ်ကို ပန်ရပြီဆိုသောအခါ မိုးနှင့်မြေကို ငွမ်းပုံ မြင်စရာမလိုတော့။

ကုန်ဆုံးခဲ့သော အချိန်တွေကို အားလုံးလိုလို ငွမ်းပုံ မေ့နိုင်ခဲ့လေပြီ။ မည်သူကကော ငွမ်းပုံအကြောင်းကို ပြန်ပြောင်းပြောရန် လိုအပ်ပါမည်နည်း။ ရင်ခုန်ရပြီဆိုတော့လည်း မောစရာကောင်းသော အကြောင်းမျိုးတွေကို ကြုံစေဦး၊ တစ်ခဏတော့ မောမိပေလိမ့်မည်။

ကိုဖိုးထင်နှင့် မိငွမ်းပုံတို့အကြောင်းကို ပြန်၍ မပြောလိုပါ။ ကိုဖိုး

ထင်နှင့် စပ်လျဉ်းသမျှကိုကား ပို၍ မသိသာ။ မိဂ္ဂမ်းပုံဆိုတာကတော့ မြောင်းသာသည် ဤကမ္ဘာ၌ မြတ်နိုးဖွယ်ရာ အပြည့်ရှိသည်ဟု စွဲမှတ်ခဲ့လေပြီ။ ပြီး ကြယ်ကိုရှုး၍ ပန်ဆင်သည်ဆိုသော စကားမျိုးကို ယုံစားလွယ်သောသူ။

နလုံးသားကိုသာ အထင်ကြီးသူတို့အကြောင်းကို အကျယ်အကျယ် မပြောလို။

သိလိုမည်ဆိုက နောက်တစ်ည တလင်းကွင်း၌ ချစ်သူတို့ ချိန်းဆို တိတ်တဆိတ် တွေ့ကြပြန်သော ဟူ၏။

မမြင်ရသော အဖြစ်များကို ဆုံရလေပြီတကား။

## (၄)

လရောင်သည် မန်ကျည်းကိုင်းလက်တို့ပေါ်တွင် အချို့ ခိုကျန်ရစ်ခဲ့၍ အချို့သည် မြေသို့တိုင် ဖိတ်စဉ်သွန်ကျနေလေသည်။ ခပ်လှမ်းလှမ်း လျှိုမြောင်ခင်တန်းရှိ မိကျောင်းပန်းတို့ပေါ်မှ ဖြတ်ပြေးလာသော လေသည် ရနံ့သင်းသင်းကို ဆောင်ယူခဲ့လေ၏။

မန်ကျည်းပင်ရင်းမှ ရွာလမ်းသို့ မျှော်ငေးရသည်မှာ ဂွမ်းပုံအဖို့ မောလှချေသည်။

ရင်တွေ ခုန်လှပြီမို့ လာစေချင်ပေပြီ။

အတန်ကြာလျှင်ပင် တစ်ခါက လှည်းဆောင့်ခဲ့သော ကမူကလေးနှင့် လျှိုဝမှ သူ ထွက်၍လာပေပြီ။ သည်တော့ ဂွမ်းပုံ ရွှေရင်အေးရသည်။

'ကြာပြီလား ဂွမ်းပုံ'

ကိုဖိုးထင်က ဂွမ်းပုံ၏ ခန္ဓာကိုယ်ကလေးကို လှမ်း၍ ဖက်ရင်းနူတ်ဆက်လိုက်သည်ကို ရှောင်လိုက်သည်။ သို့ပေမဲ့ သူ လွတ်အောင်

မရှောင်သာ။

ငွမ်းပုံရင်ထဲမှာ ဒိတ်ခနဲ တစ်ချက်ဆောင့်၍ ခုန်ရပြန်သည်။

'ဟော့ကောင်'

လှိုဏ်မှ အရိပ်တစ်ခုသည် အသံနှင့်အတူ သူတို့နှစ်ယောက် အနီးသို့ ရောက်လာခဲ့လေသည်။ လျင်မြန်လှသောအဖြစ်ကို ငွမ်းပုံ အံ့ဩရပြန်သည်။ ကိုဖိုးထင်အဖို့ကား ထိုသူနှင့် မျက်နှာချင်းဆုံမိ သည်နှင့် ငွမ်းပုံထက်ပင် အဆအရာကဲ၍ အံ့ဩရတော့သည်။

'ဟင်... အဖေ'

လူကြီးသည် လက်ထဲမှ နှစ်လုံးပြူးသေနတ်ကို ဆုပ်ကိုင်ရင်း ကိုဖိုးထင်နှင့် ငွမ်းပုံအား စိစိညက်ညက် ခြေမွလိုသော ဒေါသ အရောင် လျှံနေသည့် မျက်လုံးနှင့် ကြည့်နေလေ၏။ ငွမ်းပုံ ခန္ဓာကိုယ်ကလေးမှာ တဆတ်ဆတ်တုန်၍နေလေသည်။ လူကြီး၏ အသက်ရှူသံမှာ ပြင်း လှ၏။

'ဟော့ကောင်... ဒီကိုလာ'

ကိုဖိုးထင်မှာ ဖခင်ဖြစ်သူ ဦးဉာဏ်ဝ၏ ဒေါသနှင့် ကြုံရသော အဖြစ်တို့ကို ဝေခွဲ၍ မရနိုင်တော့ပေ။ ဦးဉာဏ်ဝ၏ အမိန့်ကို ကြောင် ငေးငေး လုပ်နေပြန်လေသည်။

'ဘာကြောင်နေတာလဲ'

ဦးဉာဏ်ဝက နှစ်လုံးပြူးသေနတ်ပြောင်းဝကို နှစ်ယောက်ဆီသို့ ဦးတည်လိုက်၏။ ဦးဉာဏ်ဝ၏ အသံတွေမှာ တုန်ယင်နေကြလေ သည်။

'ဟဲ့... ကဝေမ၊ နင် နောက်ဆုတ်'

ငွမ်းပုံအဖို့ကား ဘာမျှ နားမလည်နိုင်တော့ပေ။ အကြောက်လွန် ၍ ခန္ဓာကိုယ်မှာ တဆတ်ဆတ် တုန်နေလေပြီ။ လိပ်ပြာလည်း အဝေး

သို့ လွင့်စင်သွားဟန် ရှိလေသည်။

'ဒီကောင် ငါပြောနေတာ မကြားဘူးလား။ မင်းကိုပါ ငါ ပစ်သတ်လိုက်ရမလား၊ ကြည့်စမ်း၊ ငါ အသိဉီးပေလို့'

'အဖေ'

ကိုဖိုးထင်က ဦးဉာဏ်ဝ၏ သေနတ်ပြောင်းဝဆီသို့ ကပ်လာရင်း တုန်ယင်သောအသံနှင့် ခေါ်လိုက်၏။ ဦးဉာဏ်ဝက သေနတ်ကိုင်းရင်း နောက်ဆုတ်လိုက်သည်။

'ဟိတ်... မင်း ဘာမှ မပြောနဲ့'

ဦးဉာဏ်ဝ၏ အသံမှာ မန်ကျည်းတောတစ်ခုလုံးကိုပင် တုန်လှုပ်သွားစေပါတော့သည်။ ဂွမ်းပုံ၏ မျက်နှာပြင်ဝယ် မျက်ရည်စတို့မှာ သွယ်ကျလာကြလေပြီ။

'အင်း...ကဝေမ၊ နင်က လူယောင်ဆောင်ပြီး ငါ့သားကို ပြုစားတာပေါ့ ဟုတ်လား'

'အဖေ ဘာတွေ ပြောနေတာလဲ'

'ဒီကောင် တယ်ရှုပ်ပါလား၊ မင်း ဘာသိလို့လဲ။ ခု မင်းကြိုက်နေတဲ့ ကောင်မဟာ စုန်းမ၊ ကဝေမကွ'

'ဟင်'

ကိုဖိုးထင်သည် ဂွမ်းပုံကို တစ်ချက် လှမ်း၍ ကြည့်လိုက်လေသည်။ ဂွမ်းပုံ၏ ရင်တွင်းမှ ရှိုက်သံက ပြန့်ထွက်လာခဲ့၏။ ကိုဖိုးထင်အဖို့ကား ဘာမျှ နားမလည်နိုင်တော့ပေ။ ဂွမ်းပုံခမျာမှာလည်း ထိတ်လန့် ကြောက်ရွံ့နေသည်မှအပ အခြားအသိ မရှိတော့။

ဦးဉာဏ်ဝကား ဒေါသဖြင့် ဘာကိုမျှ မမြင်ဟန် ရှိလေသည်။

'ငါ မင်းတို့သတင်းကြားနေတာ ကြာလှပြီ။ ဒီကောင်မကလည်း သူ့ကိုယ်သူ ထိန်ပင်သူ လုပ်လာတာ၊ သင်းက ခင်တန်းသူဆိုရင် စုန်းမ၊

ကဝေမမှန်း သိမှာစိုးလို့'

'ဘာ... ဝွမ်းပုံ အဖေပြောတာတွေ ဟုတ်သလားဟင်။ နင် ခင်တန်းသူဆိုတာ ဟုတ်လား'

ဝွမ်းပုံမှာ တဆတ်ဆတ် တုန်ယင်ကာ အကြောက်လွန်၍ ခြေမခိုင်တော့ပေ။ ထို့ကြောင့် မြေပြင်သို့ ဒူးထောက်ချလိုက်ကာ မျက်နှာကို လက်ဝါးဖြင့် အုပ်၍ ရှိုက်ငိုမိလေသည်။ ဘာမျှ စကားပြန် မပြောနိုင်တော့ချေ။

'ဘာမေးနေစရာလိုသလဲ၊ ကဝေမက ကဝေမလို့ ပြောပါ့မလား။ ဘာလဲ မင်းက ဒီကောင်မကို စွဲလမ်းနေတာလား။ အင်း...နင် ငါ့သားကို ပြုစားပြီးပြီပေါ့။ ဟဲ့...ကဝေမ ပြောစမ်း'

ဦးဉာဏ်ဝသည် ကိုဖိုးထင်အား ဘေးသို့ တွန်းလိုက်ပြီး ဝွမ်းပုံ၏ ရင်သို့ သေနတ်ပြောင်းတေ့လိုက်လေသည်။

'ကျုပ်...ကျုပ်... ကျုပ် စုန်းမဟုတ်ဘူး'

ဝွမ်းပုံသည် အသံကို အားယူ၍ ပြောလိုက်သေးသည်။

'ဘာ... ဘာ မဟုတ်ရမှာလဲ၊ နင် ခင်တန်းသူ မဟုတ်လား။ ငါ ရွှေမှုန်ဆီက အကုန်သိပြီးသား။ လက်ပူးလက်ကြပ် မမိသေးလို့ စောင့်နေတာ သိရဲ့လား၊ ယော့ကောင် တွေ့ပြီ မဟုတ်လား။ ဟဲ့ ကဝေမ၊ နင် ငါ့သားကို ဘယ်လိုလုပ်ထားသလဲပြောစမ်း။ ပြောစမ်း။ နင် အတတ်နဲ့ ပြုစားထားတယ် မဟုတ်လား။ ခု ပြန်နုတ်မလား၊ မနုတ်ဘူးလား'

ဦးဉာဏ်ဝကား ဒေါသနှင့် စကားတို့ကို အဆက်မပြတ် ပြောနေသည့်တိုင်အောင် ဝွမ်းပုံဘာမျှ စကားပြန်မပေးတတ်တော့ပေ။ ကိုဖိုးထင်မှာ ချစ်သူ၏ ဒုက္ခကို မရှုဆိတ်နိုင် ကြုံရလေတော့သည်။

'မဟုတ်သေးပါဘူး အဖေရယ်၊ ကျွန်တော်တို့ချင်း ချစ်နေကြ

တာပါ။ သူ့ကို ခင်တန်းသူလို့ ပြောတာလည်း မဟုတ်ပါဘူး'

ဟု ဦးဉာဏ်ဝ အနီးကပ်၍ ပြောလိုက်ပြန်သည်။

'တယ်...ဒီကောင် လျှာရှည်နေပြန်ပြီ။ မင်းမသိပါဘူး။ ခင်တန်းကပါလို့ ငါသိခဲ့ပြီးသားကွ၊ ခင်တန်းကဆို ဒီကောင်မဟာ ကဝေပဲ'

'တော်ပါတော့ အဖေရယ်။ ကျွန်တော် အိမ်ကျတော့ အေးအေးဆေးဆေး ပြောပါ့မယ်'

'ဘာ အေးအေးဆေးဆေး ပြောရမလဲ၊ ဒီကောင်မ ပညာနဲ့ မင်းကို ပြုစားထားတာ ပြန်နုတ်ခိုင်းရဦးမယ်'

ဂွမ်းပုံကား ဘာစကားမျှလည်း မပြောသာတော့ပေ။ ခင်တန်းရွာ၊ ကဝေမ ဆိုသော စကားလုံးတွေက သူ့နားဝ၌ ဝင်ရောက်ရှုပ်ထွေးနေကြလေပြီ။

သည်ည သည်နေရာက အဖြစ်တို့ကို ဆက်၍ဖော်ပြမည်ဆိုကလည်း ဒေါသနှင့် ကြေကွဲရခြင်းအကြောင်းတို့သာ ဆင့်ကဲနေပေမည်။

အဆုံးကျတော့လည်း သားအတွက် သင်္ကာယနမကင်း၍ တီးတိုးစကားအကြားနှင့် သားနောက်ကို လိုက်ခဲ့သော ဦးဉာဏ်ဝသည် ခင်တန်းသူ မိဂွမ်းပုံကို ကဝေမ မိဂွမ်းပုံဟု စွဲမှတ်ကာ နောက်တစ်နေ့ မနက် ရွာက ထွက်သွားရမည်ဟူသော အမိန့်ကိုချ၍ သားဖြစ်သူနှင့် ကဝေမ မိဂွမ်းပုံတို့ကို ကွေကွင်းစေတော့သည်။

'ဟဲ့...ကဝေမ၊ နင် မနက်ဖြန် ဒီရွာကထွက်သွား။ အဲ နင် ပြုစားလို့ ငါ့သား တစ်ခုခုဖြစ်ရင် နင်တို့ရွာကို လာပြီး မီးနဲ့တိုက်ပစ်မယ်ကြားရဲ့လား'

ကဝေမ မိဂွမ်းပုံကား တလင်းကွင်း၌ မျက်ရည်သွန်၍ ကျန်ရစ်ခဲ့ရလေတော့သည်။

## (၅)

ယုံနိုင်ပါမည်လား...။

မြောင်းသာရွာက လူတွေ၏ အစွဲအမှတ်၌ ခင်တန်းရွာသည် ကဝေအတတ်၊ စုန်းအတတ်၌ တစ်ဖက်ကမ်းခပ်သော ပညာသည် နေရာဒေသဟု အဆိုရှိလေ၏။

တစ်ခုတော့ ပြောနိုင်ပါသည်။ ခင်တန်းက လူတွေမှာ ဆင်းရဲ နွမ်းပါးလှ၏။ ဟိုသည် သွားလာ၍ တပင်တပန်းလုပ်ကိုင်ရင်း ဘဝကို တည်စေကြရသည်။ သူတို့ဆီ၌ ကိုးကွယ်ဆည်းကပ်ရန် ဘုန်းကြီး များအား ကျောင်းဆောက်လှူဒါန်းကိုးကွယ်ရန် သူတို့ မတတ်နိုင်၍ သာသနာတော်အပြင် ရောက်သူများဟု ဆိုကြ၏။

ကကြီး၊ ခခွေးကိုမျှ မြင်ဖူးပေမဲ့ မခေါ်တတ်၊ မဖတ်တတ်သူတွေမို့ ပညာစာပေ ဗဟုသုတ ဆိုသည်မှာ သူတို့၌ လုံးဝမရှိ။

နွမ်းပါးသော အဆင်၊ ညစ်ထေးသော အသွင်နှင့် သူတို့ကို မြင် ရမည်ဆိုလျှင် လူထဲ၌ သည်လို လူမျိုးတွေကို ဘယ်အဆင့်အတန်း၌ သတ်မှတ်ရပါအံ့နည်းဟူ၍ပင် သံသယ ဖြစ်မိကြဦးမည်။

ပြောကြပေရော့။ ခင်တန်းရွာ၌ မြောင်းသာမှာလို စေတီတော် ဆည်းလည်းသံများလည်း မချိုလွင်၊ အလှူပွဲလည်း မခြိမ့်သဲ။ စာ အံသံလည်း မလွင့်ပျံ့။

ဘယ်အချိန် ဘယ်ကာလက အဘယ်ကြောင့် အမှတ်အစွဲထား သည်ကိုကား မပြောတတ်နိုင်။ မြောင်းသာက လူတွေအဖို့ ခင်တန်း သူကို တွေ့ရလျှင် သင်းတို့မှာ ပြုစားတတ်သော ကဝေမျိုး၊ ပညာ သည်မျိုးတွေလို့ အမှတ်ထားတတ်ကြသည်ကား အမှန်ပင်။

သည်တော့လည်း မိဂ္ဂမ်းပုံမှာ ကဝေမကလေးဟု ကျော်ကြား ရလေတော့သည်။

ပြီး... ကဝေမ မိဂ္ဂမ်းပုံက ကိုဖိုးထင်ကို ပြုစားလေသည်ဟု လည်း မြောင်းသာရွာမှ လယ်ရှင် ဘုရားဒကာ ဦးဉာဏ်ဝ နှုတ်မှ ဆို လေပြီ။

မိဂ္ဂမ်းပုံ နားလည်နိုင်ပါမည်လား...။

ရှိစေတော့...။

နောက်တစ်နေ့ နံနက်ခင်း၌ ဆည်ဝ စိန်ပန်းပင်ခြေ မြောင်း အတွင်း၌ ကဝေမ မိဂ္ဂမ်းပုံ၏အလောင်းကို တွေ့ကြရလေတော့သည်။

မိဂ္ဂမ်းပုံအဖို့ ကဝေမတစ်ယောက်အဖြစ်ကျော်ကြားရင်း ဤဘဝ၌ အသက်ရှင်နေမည်ကို ကြောက်လန့်ခဲ့ရလေပြီ။ ခန္ဓာကိုယ်၌လည်း ကဝေပညာသည်တစ်ယောက် သန္ဓေတည်ခဲ့လေပြီ။

ကဝေမ မိဂ္ဂမ်းပုံကား ဘာမျှ နားမလည်ရှာ။ သူ့ဘဝ၌ သူ နား လည်ရသည်မှာလည်း ချို့တဲ့နွမ်းပါးလှသော ခင်တန်း၊ ကြွယ်ဝ ချမ်းသာလှသော မြောင်းသာ၊ ပြီး... ချစ်သော ကိုဖိုးထင်နှင့် ရင်တွင်း မှ သန္ဓေသား။

မည်သူသည် ကဝေမ မိဂ္ဂမ်းပုံနှင့် စပ်လျဉ်း၍ ဖြေဆေးပေးနိုင် အံ့နည်း။ ဘဝကုသိုလ်သည် ကဝေမ မိဂ္ဂမ်းပုံအတွက် ဖြေဆေးဖြစ်ရ ချိမ့်မည်လော။

ယခုကား ကဝေမ မိဂ္ဂမ်းပုံ မရှိတော့ပေ။

လူအများကို ပြုစားတတ်သော၊ စုန်းကဝေပညာ၌လည်း ပညာ သည်တစ်ဦး ဖြစ်သော ကဝေမဟု အဆိုရှိသော မိဂ္ဂမ်းပုံကား မိမိ၏ ဘဝကို မြောင်းသာရွာ ဆည်ဝ၌ အဆုံးသတ်ခဲ့လေပြီ။

စင်စစ် မိဂ္ဂမ်းပုံတတ်သော ပညာတွင် မိမိကိုယ်ကို ပြုစားတတ် သော ပညာမျိုးလည်း တစ်ပါးအပါအဝင်ဟု ဆိုမည်လား။ ဆိုပါ။

မိဂ္ဂမ်းပုံဆိုသော ကဝေမကို တစ်ပါးသူတို့က ပြုစား၍ ဆုံးပါးစေ


သည်ဆိုသော အကြောင်းကိုရော သံသယထားမည်လား။ သြော်... ကဝေပညာတတ်သူများ ကြုံတွေ့ခဲ့ရပြီ မဟုတ်လား။

ထားပါတော့၊ မိဂွမ်းပုံကား....ကဝေမ၊ ကဝေမ မိဂွမ်းပုံကို ပြစား နိုင်သူများရှိလျှင် ထိုသူတို့ကို အဘယ်သို့ ခေါ်ကြရိမ့်မည်နည်း။

ကဝေမ မိဂွမ်းပုံကား... လူပြစားခံရသဖြင့် ဆုံးပါးခဲ့ရလေပြီ တကား။

မြဝတီမဂ္ဂဇင်း၊ မတ်၊ ၁၉၅၉။

❑



## မှုန်နံ့သာပြယ်တစ်ပိုင်းနှင့်

ဤနေရာသည် ဝါနုအဖို့လောကသစ်။ ထို့ထက် အတိအကျဆိုရလျှင် ဤနေရာသည် ဝါနုအဖို့ လောကစိမ်း။ ခြေချရမှာက အစဝါနုမဝံ့ရဲ။ မလွှဲသာ၍သာ ဤနေရာမှာ သွားလာနေရသည်။ အမြင်အာရုံကိုမျှ ရဲရဲမဝံ့ရဲ။ အများကြားမှာ ရောက်နေရပြီဖြစ်လျက် အားကလည်း ငယ်ပါဘိ။ အထီးတည်း ဖြစ်နေရသည်လို့ပဲ ထင်နေသည်။

သည်တော့ ခွဲခွာလာခဲ့ရသော အဖေနှင့် အမေ့ကို သတိရသည်။ မောင်လေး၊ ညီမလေးတွေကို လွမ်းသည်။

တကယ်တော့ အဖေကသာ 'ဘာဖြစ်ဖြစ် သမီးကို တက္ကသိုလ်ကျောင်းသို့ မရောက်ရောက်အောင်ပို့မည်'ဟု တဖွဖွပြောခဲ့သည်။ ဝါနုစိတ်ကတော့ တက္ကသိုလ်သို့ ရောက်လိမ့်မည်လည်း မထင်ခဲ့။ တက္ကသိုလ်မှာ ပညာသင်ရကောင်းစေဟုလည်း မအောက်မေ့ခဲ့ရိုး။ မစွဲလမ်းခဲ့ရိုးအမှန်။ သို့ပေမဲ့ အဖေ့စိတ်အစွဲကိုတော့ ဝါနုကောင်းကောင်းနားလည်သည်။ အဖေသည် တောမှာမွေးသော တောသား၊ ယာသမား၊ ချောင်းသမားစင်စစ်။ သို့ပေမဲ့ အဖေ့၌ ခေတ်ပညာစွဲကြီးသည်။

ကြည့်။ ဝါနုရွာကျောင်းမှာ လေးတန်းအောင်သည်ဆိုရုံနှင့် သားတွေ သမီးတွေ ပညာရေးအတွက်ဆိုကာ ရွာကိုစွန့်သည်။ ယာကို ပစ်သည်။ မြို့မှာဖြစ်သလို လုပ်ကိုင်ရှာဖွေမည်အကြံနှင့် မြို့သို့ ပြောင်းခဲ့သည်။

'ကြိုးစားသမီး မင်းတို့ခေတ်က ခေတ်ကောင်းကွယ့်၊ အဖေတို့ ခေတ်မှာက ပညာသာ သင်ချင်ဦး၊ အခုလို မသင်နိုင်ဘူး။ သမီးတို့ ခေတ်မှာက တက္ကသိုလ်ပညာသင်ဖို့ဆိုတာ သိပ်ခက်လှတာ မဟုတ်ဘူး။ သမီးသာ ကြိုးစား။ အဖေတို့ ခါးစည်းပြီး ခြိုးခြံမယ်၊ သမီး ဆယ်တန်းအောင်ရင် သမီးအမေက ဟောဒီမှာနေပြီး ဈေးကလေးနာ ကလေးရောင်းမယ်။ အဖေက ရွာပြန်ပြီး ယာလုပ်မယ်။ ဒီကြားထဲ သမီးကံကောင်းလို့ ပညာသင်ဆုကလေး ဘာကလေးရမယ်ဆို ဘာဖြစ် လို့ သမီးတက္ကသိုလ်မရောက်ရမှာလဲ'

'နေပါစေ အဖေ၊ အဖေတို့လည်း အသက်ကြီးလှပြီပဲဟာ။ မောင် လေးတွေ ညီမလေးတွေလည်း ရှိသေးတယ် မဟုတ်လား။ ဝါနု ကောလိပ်မသွားပါဘူး အဖေ။ ဆယ်တန်းအောင်ရင် အလုပ် တစ်ခုခု ဝင်လုပ်မယ်။ ဒါမှ အဖေတို့လည်း သက်သာမယ်။ မောင်လေး ညီမလေးတွေလည်း ပညာသင်ရတာ ပိုပြီး အဆင်ပြေမယ် မဟုတ် လား'ဟူသော စကားမျိုးကိုပင် တကယ့်အရိုးခံ ပြောခဲ့သည်။

သို့သော် အဖေသည် သဘောမတူ။ ဆယ်တန်းအောင်သည်နှင့် တက္ကသိုလ်နေခွင့် အလျှောက်ခိုင်းသည်။ ဓာတုဗေဒအဓိက ဘာသာ သင်ယူခွင့်ရသည်။

'အေး ကောင်းတယ် ကောင်းတယ်၊ အဖေအားလုံး စုံစမ်းပြီးပြီ သမီး၊ ကျောင်းက ဆရာကြီးကတော့ ဆရာဝန်သင်တန်းတက်ရရင် အကောင်းဆုံးပဲတဲ့။ ဒါပေမဲ့ ခုဟာလည်း မဆိုးဘူးတဲ့။ ဘာလဲကွယ်။ အင်း...ဘီပီအိုင်မှာ အလုပ်ရနိုင်တယ်။ ဒါဆိုလည်း ဆရာဝန်လိုပဲပေါ့။

တခြားလည်း အများကြီးပါပဲ။ အဲဒါ သမီးဆရာကြီးကို သွားတွေ့ပြီး မေးမြန်းစုံစမ်းကြည့်ဦးပေါ့။ အဲ စတိုင်ပင်ဆိုလား အစိုးရက ပေးတဲ့ ပညာသင်စရိတ်၊ ပညာသင်ဆု ခေါ်တယ်ထင်ပါရဲ့၊ အဲဒါ လျှောက်ဖို့ လည်း ဆရာကြီးက ပြောတယ်။ ဘာဖြစ်ဖြစ် သမီး တက္ကသိုလ်ရောက် ရတော့မယ်'

အဖေဝမ်းသာနေသည်မှာ ဆိုဖွယ်ရာမရှိ။

အမေကျ တက္ကသိုလ်ပညာရေးနှင့် ပတ်သက်၍ ဘာမျှ နားလည် သည်မဟုတ်။ ဝါနုတက္ကသိုလ်နေခွင့်ရ၍ ဝမ်းသာဖို့ထက်...

'တက္ကသိုလ်ကျောင်းဆိုတာ ပိုက်ဆံရှိတဲ့လူတွေ အနေများတာဆို တော့ အမေ့သမီးလေး ညှိုးငယ်နေမှာကိုပဲ အမေစိုးရိမ်တယ်။ နောက် ပြီး တက္ကသိုလ်မှာက ဒွတ်ဒတ် ရွတ်ရှက်တွေလည်း အားကြီးသင်ရဆို မဟုတ်လား။ အဲဒီမှာ အမေ့သမီး ဒွတ်ဒက်ရွတ်ရှက်တွေ သင်ပြီး အင်္ဂလိပ်မကြီးဖြစ်သွားမှာလည်း အမေစိုးရိမ်တာပဲ' စိုးရိမ်ဖို့ပဲ အမေ သိသည်။

အမေကတော့ တကယ့်သမားရိုးကျ၊ သူ့ရှေ့မှာ ခေတ်ကြီးအဟုန် နှင့် ပြောင်းလဲနေသည်ကိုပင် တယ်ပြီး အမှတ်ထားပုံမပေါ်။ ကြည့် လေ။ ကျောင်းသွားရတော့မည်ဆိုသောအခါ မြို့နယ်ကုန်သွယ်ရေးက ပစ္စည်းအသင့်အတင့် ထုတ်ပေးသည်။ အကျီစကလေးအစ၊ လုံချည် ကလေးအစ၊ ခြင်ထောင်စ အစ သည်ထဲမှာ ကံအားလျော်စွာ နိုင်ငံ ခြားဖြစ် မျက်နှာချေတစ်ဘူးနှင့် နှုတ်ခမ်းဆိုးဆေးတစ်ဘူးလည်း ထုတ် ခွင့်ရသည်။

'ဒီဥစ္စာတော့ ထုတ်မနေပါနဲ့တော့ သမီးရယ်။ သူတို့ မျက်နှာချေ က ပွဲနေပွဲထိုင်လောက်ပဲ ကောင်းတယ် မဟုတ်လား။ ဒါတောင် တကယ်ကျ အကောင်းလှကြီး မဟုတ်ဘူး။ ပိုက်ဆံလည်း ကုန်သေး

တယ်။ အမေလေ သမီးကျောင်းလိုက်ရမယ်ဆိုတာကည်းက သနပ်ခါး တုံးတွေ စုထားတယ်။ ကောင်းကကောင်းနဲ့၊ ရှင်မတောင်ချည်းပဲ၊ အတုံးနှစ်ဆယ်လောက် မင်းလှဘက်ကဆိုတော့ အများကြီးပဲ'ဆိုကာ သနပ်ခါးတရား ဟောပါလေတော့သည်။

ထိုစဉ်က အမေပြောနေတာကို နားထောင်ရင်း ဝါနုကျိတ်ကျိတ် ကလေး ပြုံးခဲ့မိသေးသည်။ အမေတို့ ရိုးပုံက သည်အထိဟူသော သဘောနှင့်။

ခုအဖေနှင့် အမေ့ကို သတိရတိုင်း ထိုစဉ်က အမေပြောပုံ၊ ပူပန် ပုံ၊ စိုးရိမ်ပုံ၊ နောက်ဆုံး သူ့သနပ်ခါးကို ဘယ်လိုလိမ်း၊ ဘယ်လို ခြယ်ကအစ အမှာပါးလိုက်ခဲ့သည်များကိုပါ ပြန်ပြောင်းသတိရပြီဆို တော့ ဝါနုရင်ထဲမှာ မချိ။ သည်ကတစ်ဆက်တည်း ညီမလေးနှစ် ယောက်နှင့် မောင်လေးနှစ်ယောက်ကိုပါ လွမ်းဆွတ်ရပြီဆိုသောအခါ အခန်းဖော်မမြင်ရလေအောင်ပင် ဝှက်၍ ငိုလိုက်ရသေးသည်။

သည်တော့ သည်အားငယ်စိတ်၊ တမ်းတစိတ် အမျှင်တစ် တန်း တန်းနှင့်သာ ပညာသင်နေလျှင်တော့ ဝါနုတက္ကသိုလ်မှ စောစောတပ် ပြန်ခေါက်ဖြစ်လိမ့်မည်လို့ပင် အထင်ရောက်ခဲ့သေး၏။

သို့ပေမယ့် တစ်လနှစ်လအနေမှာပင် ဝါနုသည် တက္ကသိုလ်၌ အထာကျလာသည်။ ဒုတိယနှစ်ဝက်ကျောင်းပြန်အဖွင့် တက္ကသိုလ် နယ်မြေမှာ ခြေချရပြီဆိုသောအခါ ယခင်ဆောင်းတုန်းကလို ခြေလှမ်း က မဝံ့မရဲမနိုင်တော့။ လည်တံကလည်း ညွတ်မနေတော့။ ဤ လောကနှင့် ဝါနုသည် ကျွမ်းဝင်စ ပြုခဲ့လေပြီတကား။ သည်တော့မှ ပင် ဝါနုသည်လည်ကိုဖွင့်၍ ခေါင်းကိုပင့်ကာ သူ့လောကကိုသူ မျက်လုံးစုံဝင့်မိလေတော့သည်။

ခမ်းနားသည်၊ ကြီးကျယ်သည်၊ ထွေပြားသည်၊ ဆန်းကျယ်

သည်ဟူသမျှ သည်မှာချည်းပင် စိတ်တက်ကြွဖွယ်၊ အားကျဖွယ်၊ မြတ်နိုးဖွယ်၊ တပ်မက်ဖွယ်ဆိုလျှင်လည်း သည်လောကမှာ အလျှံအပယ်။

ကြည့်စမ်းပါဦး။ စာသင်ခန်းမဆောင်ကြီးတွေကအစ မောင်အလတ်ဖြစ်သူ ဒုတိယတန်းကျောင်းသားကလေး တက်ရောက်ပညာသင်ယူနေရသည့် စာသင်ခန်းနှင့် ဘာဆိုဘာမှမဆိုင်၊ ဟိုမှာက တဲစုတ်၊ အမိုးမလုံ။ ဤလောကအခေါ် ရေချိုးခန်းဟူသည့် အိမ်သာက အစ ဘယ်လိုမှ နှိုင်း၍မရ။ ဆက်စပ်၍မရ။ ကားတွေ ကားတွေဆိုသည်မှာလည်း မနည်းပါကလား။ ဝါနုတို့မြို့မှာဆို ဤနေရာ၌ မြင်နေကျကားမျိုး သုံးစင်းပြည့်အောင်ပင် မရှိ။ အရောင်ကလည်း စုံပါဘိ၊ ပုံသဏ္ဌာန်ကလည်း အမျိုးမျိုး၊ ဟိုမှသည်သို့လာလိုက်ချေ။ သည်မှဟိုသို့ ဖြတ်သွားချေနှင့် ပျားပန်းခပ်သည်ဆိုသည်မှာ ဒါမျိုးပဲဖြစ်မည်ဟု ဝါနု တွေးမိသေးသည်။

လူတွေကျတော့ရော။ တကယ့်အံ့စရာ။ ဖြူဖြူနီနီ ပြာပြာဝါဝါ စိမ်းစိမ်း အရောင်စုံ။ အထည်အဆင် အမျိုးမျိုး၊ ဝတ်ပုံဆင်ပုံကလည်း အပြားပြား။ ပထမတော့ ဝါနုတကယ်ပဲ အံ့သြသည်။ အမှန်ပဲ ဝါနုတို့မြို့က ပြည်သူ့အထည်ဆိုင်မှာ သည်လိုအထည်မျိုးတွေကို ဝါနု မမြင်ဖူးခဲ့။ သည်တော့ သည်အထည်မျိုးတွေကို ရန်ကုန်မြို့က ပြည်သူ့ဆိုင်တွေမှာသာ ရောင်းချသည်ဟု အထင်ရောက်ခဲ့သေးသည်။ အခန်းဖော်အားပင် တိုးတိုးကြိတ်ကြိတ် မေးမိသေး၏။

'အမယ်လေး ဝါနုရယ်။ အ,အနိုင်ရန်ကော ဟုတ်တယ်၊ ဟုတ်တယ်။ ဝါနုပြောတဲ့ အစမျိုးက ရန်ကုန်ပြည်သူ့ဆိုင်တွေမှာ ရှိတယ်ဆိုတာ အမှန်ပဲ။ ဒါပေမဲ့ အဲဒီပြည်သူ့ဆိုင်ကကျ ဝါနုသိနေတဲ့ ဆိုင်မျိုး မဟုတ်ဘူးကွ။ တစ်နေ့မှ ကိုယ်လိုက်ပြမယ်'

သို့ဖြင့် အခန်းဖော်က လိုက်ပြမှပင် ကြည့်မြင်တိုင်ညဈေးက မှောင်ခိုဆိုင်များကို ရောက်ခဲ့ရသည်။

ဒါကထားဦး။ သည်လို ခေါင်းမြီးခြုံ၍ တင်သွင်းလာသော အထည်အဆင်တို့ကို ချုပ်လုပ်ဝတ်ဆင်ပုံ အဖုံဖုံ။ ပထမတော့ ဝါနုသည် အမှန်ပင် မျက်စိမရဲ။ ကိုယ်တိုင် ဘရာစီယာ ဝတ်ဖို့ဆိုတာ ထား။ သူတစ်ပါး ဝတ်တာမြင်လျှင်ပင် ဝါနုသည် အလိုလိုရှက်သည်။ ဗိုက်သားခါးသား ဗလာဖြစ်နေသည်ကို မြင်ရလျှင် မျက်စိက အလိုလို ရှုံ့ကြောက်သည်။

တစ်နေ့ကမူ အခန်းဖော်နှင့်အတူ ဗိုလ်ချုပ်ဈေးသို့ သွား၍ ဘရာစီယာတစ်ထည် အပ်ခဲ့မိချေပြီ။ သို့ပေမယ့် နှစ်သာကုန်သွားသည် ဝါနု မဝတ်ဖြစ်ခဲ့။ စိတ်ထဲက မလုံ။

သည့်ထက် ဝါနုစိတ်လှုပ်ရှားစရာ ဖြစ်ရသည်ကား အဆင်အပြင် အထုံးအဖွဲ့နှင့် ဟန်ပန်မူရာ၊ ပျံနေသည်ဟူသော ခေတ်သုံးစကားကို အများထံမှ ဝါနုကြားရ၏။ နောက်တော့ဝါနုလည်း သုံးတတ်လာသည်။ အနက်သဘောကိုကား ဝါနုနားမလည်။ ယခုတော့ ဝါနု တွေးကြည့်သည်။ လတ်ဆတ်သော၊ လှုပ်ခတ်နေသော၊ နွယ်ရှင်နွယ် ရစ်မည်နှောင်မည်၊ ထွေးပိုက်မည့်နွယ်သော၊ ကလူကျီစယ်ဘိသို့ သော သွင်ပြင်ဟန်ပန်မူရာများသည် တကယ်ပဲ ပျံတက်တော့မည့် ငှက်ငယ် လိုလို။ သည်လို ဝတ်စားဆင်ယင်ကြပုံ၊ ဟန်ပန်မူရာ လှုပ်ရှားပုံတွေကို မြင်ရတော့ ပထမတွင် ဝါနုစိတ်က သူသည် စာသင်ဌာနတစ်ခုခုသို့ ရောက်လာနေခြင်းဖြစ်သည်ဟူသော အချက်ကို သံသယ ဖြစ်မိသေးသည်။

ဝါနုကိုယ်တိုင် အမှတ်မထင် ဖြစ်ချင်ဖြစ်မည်။ ထိုပထမနှစ် စာမေးပွဲရက်များမှာ ဝါနုစိတ်မှာ အလိုမကျ ဖြစ်ရသည်။ ပထမတော့

ဘာရယ်လို့မသိ။ နောက်မှပဲ မှန်ရှေ့ရောက်တိုင်း မိမိကိုယ်ကို အလိုမကျနေမှန်း သိလာရသည်။ ကြည့်စမ်းပါဦး။ အသက်ကဖြင့် ဆယ့်ရှစ်နှစ်ပြည့်သည် ဆိုရုံမျှ ရှိသေးသည်။ ပြီး တက္ကသိုလ်ကျောင်း သူတဲ့။ ဝတ်ထားပုံက ဖိုးရိုးဖားရား။ အင်္ကျီစကိုက ခပ်ခေခေ။ တက်ထရွန်ဆိုလို့ နှစ်ထည်ပဲ ရှိသည်။ ဂျော်ဂျက်တို့၊ ဇာနိုင်လွန်တို့များဆိုဝေးပါဘိခြင်း။ ရှိသည့် တက်ထရွန်ကလည်း အဖြူ သက်သက်။ ချုပ်ထားပုံကိုက ရင်ဖုံးကလည်းအစပ်၊ ခါးကလည်းအစပ်၊ ပွကလည်းပွသေး။ လုံချည်ကတော့ရော။ သူများတွေလို ခါးကလေးသေးကျင်ကျင်၊ တင်ကလေး ပေါ်လွင်စေမည့် ချုပ်နည်းမျိုးမဟုတ်။ ဒါကအဝတ်။ ပြင်ပုံဆင်ပုံကျတော့ရော။ ကျစ်ဆံမြီးရင်ကျစ်၊ တစ်ပတ်လျှိုရင်ထုံး။ မျက်နှာမှာကျ သနပ်ခါးပိန်းကြားနှင့်။ တောမြို့က အထက်တန်းကျောင်းမှာတုန်းကလည်း ဒီအတိုင်း။ ဟန်ပန်မူရာကျတော့ရော။ တကယ့် ကုပ်ချောင်းချောင်း။

သည်တော့မှပင် ဝါနုသည် သူ့အဖြစ်ကိုသူ အမှတ်မထင် သတိပြုမိသည်။ တစ်ပါးသူတွေအဖြစ်ကိုလည်း ပို၍ သတိထားကြည့်လာသည်။ ရွာမကို ရောက်လျှင် ရွာမကျင့် ကျင့်ရမည်ဆိုသော စကားပုံကိုလည်း သတိရလာသည်။ မိမိကိုယ်တိုင် တက္ကသိုလ်ကျောင်းသူဖြစ်နေပါကလား ဟူသော အချက်ကိုပင် ယခုမှ ဆင်ခြင်မိသည်။

ထိုနှစ်စာမေးပွဲဖြေအပြီး အိမ်အပြန်မှာ ဝမ်းနည်း သလိုလို ဖြစ်မိသေး၏။ ဟုတ်ပါရဲ့။ ဘာပြောပြော စာမေးပွဲအောင်မှာကတော့ သေချာသည်။ အတန်းထဲမှာ သင်ယူရသော သင်ခန်းစာအားလုံး ဝါနုကျေညက်ပိုင်နိုင်ပြီးဖြစ်သည်။ သို့ပါလျက် ဝါနုသည် တက္ကသိုလ်တွင် စာသင်ခန်းပြင်ပက သင်ခန်းစာများကို မသင်ယူမိသည့်အတွက်ကား ဝါနုမသိမသာ ဝမ်းနည်းရသည်မှာ အမှန်ပင်။

သို့ဖြင့် ဆုံးဖြတ်ခဲ့သည် မဟုတ်ပါဘဲလျက်နှင့် ဒုတိယနှစ် ကျောင်းပြန်အရောက်မှာ ဝါနုသည် ကျောင်းခန်းပြင်ပ သင်ခန်းစာများကို တစ်စတစ်စ သင်ယူစ ပြုခဲ့လေတော့သည်။ ဒုတိယနှစ်၌ ဝါနုသည် ဤလောကနှင့် ကျွမ်းဝင်ရုံမျှ မကတော့ပေ။ ဤလောကထဲ သို့ပင် ဝင်ဆံ့လာခဲ့လေသည်။

သည်တော့မှလည်း ပထမသစ်ပင်ရိပ်ခုံတန်းများကို သတိပြုမိသည်။ ပြီးတော့ စာသင်ခန်းထောင့်ကျကျ နေရာများ။

သည်တော့မှလည်း ကျောင်းရောက်စက သူ့အဖြစ်အပျက်တစ်ခုကို သတိရကာ ပြုံးခဲ့ရသေးသည်။

ဝါနုစာသင်ရသော အဆောင်သည် သိပ္ပံမဟာဌာနဘက်တွင် ရှိသည်။ တက္ကသိုလ်နယ်မြေ၏ အလှအပများတွင် ရိပ်ကောင်း သစ်ပင်များအောက်က ခုံတန်းကလေးများကိုပါ ဝါနုထည့်သွင်းထားခဲ့သည်။ ကျောင်းရောက်စကတည်းက ထိုထိုင်ခုံကလေးများမှာ ဝါနုထိုင်ကြည့်ချင်ခဲ့သည်။ သူတို့ စာသင်ဆောင် အနီးအနားမှာလည်း ဤလို ထိုင်ခုံတန်းကလေးများရှိသည်။ သို့ပေမဲ့ သည်နယ်မြေ၌ ခြေချဖို့ပင် မဝံ့ရဲသည့်အခြေအနေတွင် ဝါနုသည် ထိုင်ချင်လှသော ထိုင်ခုံကလေးတွေမှာ မထိုင်ရဲခဲ့။ သို့ဖြင့် ဗဟိုစာကြည့်တိုက်ဘက် ရောက်ဖန်များလာသောအခါ စာကြည့်တိုက်ဘေးက ကံ့ကော်ပင်အုပ်အုပ်ကို ဝါနု သဘောကျလာသည်။ အထူးသဖြင့် ထိုကံ့ကော်အုပ်အုပ်က ထိုင်ခုံတန်းကလေးတွေမှာ ခဏဖြစ်မတော့ ထိုင်ကြည့်ချင်သည်။ ထိုင်ခုံတန်းကလေးများတွင် ထိုင်ချင်စိတ်သည် ပို၍ပင် ပြင်းထန်လာသည်။ ထို့ကြောင့် အတူလာသူကို အဖော်ညှိသည်။ သည်တော့ အတူပါလာသူက အဓိပ္ပာယ်တစ်ခုခုပါသော အပြုံးနှင့် ...

'အိုကွယ် ဘာလို့ထိုင်ချင်ရတာလဲ'ဆိုသော အပြုံးကိုရော စကား

ကိုပါ ဝါနု နားမလည်ခဲ့။

'ဘာဖြစ်လို့လဲ မရင်မေ။ ဒါကျောင်းသားကျောင်းသူတွေ ထိုင်ဖို့ လုပ်ထားတာ မဟုတ်လားဟင်'ယောင်အအ မေးလိုက်မိသေးသည်။ 'ဒါဖြင့် ခဏဝင်ထိုင်တာပေါ့'

'ဘာလုပ်ဖို့လဲကွယ်'

'ဝါနုထိုင်ကြည့်ချင်လို့ပါ'

'ဘယ်ကောင်းမလဲကွယ့် ဟိုမှာ ...'

ခုတော့မှပင် ဝါနုသည် ထိုင်ခုံပေါ်က မောင်နှင့်မယ်ကို သတိထားမိသည်။ မယ်က ခေါင်းကို မောင့်ပခုံးမှာ မှေးတင်ထားသည်။ ဝါနု ရဲရဲမကြည့်ရဲ။ သူ့အဖော် မရင်မေကို တစ်ခုခုမေးမည်လို့လည်း စိတ်ကူးပေါက်သေးသည်။ ထိုစကားနုတ်ထွက်မရဲ။

'နောက်မှ ဝါနုလည်း သူတို့လို ထိုင်တာပေါ့' မရင်မေက ရယ်ရွှန်းဖတ်ရွှန်း စကားဆိုသည်။ ဝါနုရှက်လိုက်သည်မှာ မျက်နှာထား စရာပင် မရှိ။

အဆောင်ရောက်တော့ မရင်မေက ထိုအဖြစ်ကို ပြက်လုံးလုပ်သည်။ သည်တော့ ဝါနုပို၍ ရှက်သည်။ အပြုံးကိုက ရှက်ပြုံး။

ဟုတ်ပါရဲ့။ ဝါနု ယခုဒုတိယနှစ်ကျမှပင် သတိထားမိတော့သည်။ သစ်ပင်ရိပ် ထိုင်ခုံတန်းများက မောင်နှင့်မယ်။ စာသင်ခန်း အားလပ်ချိန် ထောင့်ထဲက စုံတွဲ။ စကြံ်ထောင့်က နှစ်ပါးကြည်။ အင်းလျားစောင်းက အနမ်းပွင့်များ။ အထူးသဖြင့် ထိုဒုတိယနှစ် ပထမပိုင်း စာမေးပွဲ ကာလကျမှပင် ဝါနုပို၍ သတိထားမိသည်။ အဆောင်မှာ စာကြည့်မရသဖြင့် စာသင်ခန်းတွေဘက်ကို စာကြည့်ဖို့ လာခဲ့သည်။ တိတ်ဆိတ်သော နေရာတိုင်းမှာ သူတို့ရှိနှင့်ကြလေသည်။ ကြည့်စမ်း၊ စာအုပ်ကို ရှေ့မှာချကာ မျက်နှာချင်းဆိုင်လျက် ပြုံးရယ်နေ

ဟန်များ၊ ဘေးချင်းကပ်ထိုင်လျက် တချို့များ ခါးကိုဖက်ကာ ပခုံးကိုဖက်ကာနှင့် တီးတိုးပြုနေကြသည်များ။ အို ဟိုဘက်ထောင့်မှောင်အကွယ်၌ စာအုပ်တွေဘေးမှာထားကာ မျက်နှာချင်းအပ်ထားလိုက်ကြသည်မှာ စာအုပ်နှင့် ချစ်သူ့မျက်နှာ အလွဲလွဲအမှားမှား ဖြစ်နေသည်လား ဆိုစရာပင်။

သည်တော့ ဝါနု ရင်ဖိုလာသည်။ မကြည့်ဖူး ရှောင်၏။ မနေနိုင်။ ကြည့်မိသည်။ မြင်မိသည်။ ရင်ထဲက မောသည်။ ဆာသည်လိုလို ဟာသည်လိုလို။

ကြာတော့လည်း အမြင်မှာ ရိုးသည်။ ဤအဖြစ်မျိုးသည် ဤလောက၌ အဆန်းမဟုတ်တော့ဟု နားလည်လာသည်။

ကြည့်စမ်း၊ ခုတော့ ကျောင်းရောက်စက ထိုင်ချင်လှချည်ရဲ့ဖြစ်ခဲ့သော ကုံကော်ရိပ်မှာပင် ဝါနုလည်း ထိုင်ခဲ့မိပေပြီ။ ထိုအဖြစ်သည် တတိယနှစ်မှာ စခဲ့သည်။

တကယ့်တကယ်ပြောရလျှင်တော့ ဒုတိယနှစ် နောက်ဆုံး စာမေးပွဲမတိုင်မီက စသည်ဆိုမှ ပို၍မှန်ပေမည်။ သိပ္ပံလက်တွေ့ခန်းမှာ သူနှင့်စ၍ နီးနီးကပ်ကပ် ဆုံတွေ့ရပြီဖြစ်သည်။ သည်ကတည်းက ဝါနုရင်ကတယ်ပြီး မလုံချင်။ ထို့ကြောင့် တစ်နေ့စာသင်ခန်းအပြန် သူထက်ကြပ်မကွာလိုက်လာပြီး ...

'ဝါနုကို ကိုယ်ချစ်တယ်'ဆိုလာသောအခါ ဝါနုတစ်ကိုယ်လုံးကတုန်ကယင်ဖြစ်ရသည်။ ခန္ဓာကိုယ်ကသာ ကတုန်ကယင်ဖြစ်သည်။ စိတ်အာရုံ၌ ဘာမျှမရှိ။ ဘာမျှမသိ။ ထူထူထိုင်းထိုင်းကြီး ဖြစ်နေသလိုပင်။ ဘာစကားမျှ မပြောတတ်တော့။

'ဘာလဲဝါနု၊ ဝါနုကိုယ့်ကို စိတ်ဆိုးသွားသလား ဟင်'

ဝါနုခြေလှမ်းမြန်လာသည်။ သူ့ခြေလှမ်းလည်း သွက်လာသည်။

သူ ဝါနုကို မီအောင် လိုက်နိုင်သားပဲ။ ဝါနုကိုယ်တိုင်က သူမမီအောင် မပြေးနိုင်တော့သည်လား မဆိုနိုင်။ ဒုတိယနှစ်ကျောင်းပိတ်၍ ပြန်ရတော့မည်ဆိုသောအခါ သူ့တဖွဖွပြောစကားကို...

'ဝါနု စဉ်းစားပါရစေဦးရှင်'ဟု စကားပြန်ဖြစ်ခဲ့လေသည်။ ထို့ကြောင့် သူနှင့် ပတ်သက်သော အဖြစ်သည် သည်ကတည်းက စသည်ဟုဆိုရခြင်းပင်။

စဉ်းစားမည်သာ ဆိုခဲ့သည်။ တကယ်တမ်းကျ ဘာကို စဉ်းစားရမည်ပင် မသိ။ သို့ပေမဲ့ သည်တစ်မိုးနှောင်းကျခါမှ ကျောင်းပိတ်ရက်က ပို၍ပင် ရှည်လျားလေရော့သလား အောက်မေ့သည်။ ထို့ကြောင့် ခါတိုင်းနှစ်ကလို ကျောင်းသို့ နောက်ကျမပြန်။ ကျောင်းဖွင့်ချိန် အကိုက်ပြန်သည်။ ပြီး သူ့ကိုတွေ့ရမည် မျှော်လင့်သည်။ တကယ်တမ်း ကိုယ်ကရှာပါလျက် သူ့ကို မြင်ရပြီဆိုခါမှ မျက်နှာလွှဲသည်။

'ဝါနု နေကောင်းတယ်နော်...'ဆိုသော စကားကို ကြားရတော့ ရင်ထဲမှာ ကြည်နူးသည်။

'မတွေ့ရတာ ကြာလို့လား မသိဘူး။ ဝါနု ပိုလှလာသလိုပဲ'ဆိုသော စကားသည် ချိုသာသည်။ သို့ပေမဲ့ မျက်နှာကိုတော့ ယောင်ယောင်ယမ်းယမ်း ဝှက်လိုက်မိသေး၏။

သို့ဖြင့် သူကပင်...

'ကိုယ်တို့ စကားပြောရအောင်'ဆိုသောအခါ ဝါနုနှုတ်တုံ့ မပြန်။ မလှုပ်စိတ်သွားဆိုတာ ဒါမျိုးပဲထင်ရဲ့လို့တော့ မသိစိတ်က အမှတ်လိုက်သား။

ကြည့်လေ–သူနှင့်အတူ ကံကော်ပင်ရိပ်က ခုံတန်းမှာ ပထမအကြိမ် ဝင်ထိုင်မိသည်။ မလုံလဲသည်လိုလည်း ခံစားရသည်။ ကြည်နူးသည်လိုလည်း ခံစားရသည်။ ဘာရယ်မကွဲပြား ထူးခြား

သည်တော့ အမုန်ပင်။

ထိုညက အဆောင်မှာ မရင်မေတို့ လူသိုက် လှောင်ပြောင်သည်ကို ခံလိုက်ရသေး၏။ သို့ပေမဲ့ ဟန်ရှက်ကလေးပဲ ရှက်ရသည်။ သူ့ကိုပင်…

'ဝါနု မမုန်းတတ်ပါဘူး'ဟူသော စကားစ၍ ပြန်ခဲ့ပြီပဲ။

'ဒါဖြင့် ဝါနုကိုယ့်ကို ချစ်တယ်ပေါ့'ဆိုလာတော့…

'အို…ဒါတော့ ဘယ်သိပါ့မလဲ'ဟူသော စကားကို ရှက်တစ်ဝက်ပြုံးတစ်ဝက် ဆိုခဲ့မိသေး၏။

ကြည့်စမ်း၊ အဖေတို့ အမေတို့ ညီမလေးမောင်လေးတို့ကို မလွမ်းဆွတ်ဖြစ်သည်မှာပင် ကြာခဲ့ပါပကော။ ဒါကိုပင် ဝါနု သတိမရချင်တော့။

သည်လိုနှင့် ညနေတိုင်လျှင် အဆောင်သို့ မောင်ရောက်လာမည်ကိုသာ ဝါနုမျှော်ရသည်။ မောင်လာလျှင် မောင်နှင့်အတူ လမ်းလျှောက်ထွက်သည်။ ပြောစရာစကားတွေ မကုန်နိုင်။

တတိယနှစ်ကျောင်းအပိတ် အိမ်အပြန်ကျတော့ ဝါနုအလွမ်းကိုပိုက်၍ လာခဲ့သည်။ ဝါနု လွမ်းလှည့်ပြောင်းချေပြီ။ ဟိုစဉ် မိသားစုနှင့် ခွဲရစဉ်ကတော့ ဝါနုအဖေအမေနှင့် ညီမလေး မောင်ငယ်တို့ကိုလွမ်းခဲ့ရ၏။ ယခုမူ ဝါနု မောင့်ကို လွမ်းရချေပြီ။

စတုတ္ထနှစ်သည် ဝါနုအဖို့ တက္ကသိုလ်သင်ခန်းစာများတွင် နောက်ဆုံးနှစ်ဖြစ်သည်။ သည်တော့ ဝါနုအဖို့ ရှေ့ခရီးကို စဉ်းစားရမည်။

'သမီးရန်ကုန်မှာ အလုပ်အဆင်ပြေရင်လည်း ပြေပေါ့ကွယ်။ အဖေတို့ သဘောကတော့ သမီးကို အဖေတို့ရှိတဲ့ နေရာမှာပဲ အလုပ်ရစေချင်တယ်။ အဖေတို့ ရန်ကုန်လိုက်နေဖို့ဆိုတာကျ သိပ်မလွယ်ဘူးမဟုတ်လား။ အဲဒီတော့ ဒီမြို့မှာပဲ အလုပ်ရနိုင်မရနိုင် စုံစမ်းကြည့်

ပေါ့။ အဖေစုံစမ်းကြည့်တာတော့ သမီးတို့လို လူမျိုးတွေ မြေကျွေးရှင်း လိုဌာနမျိုးမှာ ဝင်လုပ်ရင်လည်း ရတယ်လို့ ပြောတယ်၊ နောက်ဆုံး ကုန်သွယ်ရေးတို့ ဘာတို့မှာပေါ့ကွယ်။ ဒါမှမဟုတ်လဲ ကျောင်း ဆရာမ ပေါ့။ အေး ဒါက အဖေတို့ သဘောပြောတာ သမီး။ သမီးပညာက ရန်ကုန်မှာမှ အဆင်ပြေမယ်။ သမီးအဖို့ တက်လမ်းရှိမယ်ဆိုရင်တော့ လည်း ဘယ်တတ်နိုင်မလဲ။ အေးလေ ဘာပဲဖြစ်ဖြစ် အဖေတို့ကသာ ကိုယ့်မိကိုယ့်ဖ ဥမကွဲသိုက်မပျက် ရှိစေချင်တာကိုး။ သို့ပေမဲ့ ပျော်ရာ မနေရ တော်ရာနေရဆိုတာကလည်း ရှိသေးမဟုတ်လား။ သမီး အလုပ်ရဖို့ကသာ အဓိကလေ"ဆိုသော စကားကို အဖေပြောခဲ့လေ သည်။

သို့ပေမဲ့ ထိုကိစ္စကို ဝါနုရှေ့တန်းတင်၍ မစဉ်းစားခဲ့မိ။ စဉ်းစား စရာမလိုဟု မှတ်ထားသည်လားကား မဆိုနိုင်ခဲ့။ အရေးမကြီးထင်ထား တာမျိုးလည်း ဖြစ်နိုင်သည်။

မှန်သည်။ တကယ်တမ်းကျ ဝါနုသည် ဘာကို စဉ်းစားရမည် ပဲဖြစ်ဖြစ် မောင်နှင့် ဆက်စပ်၍သာ စဉ်းစားရမည်ဟု အလိုလို သိနား လည်ထားသလို ဖြစ်ရပေပြီ။ သည်တော့ ပထမဆုံးက မောင့်ပြဿနာ။ ပြီး အဖေ့စကားကို မစဉ်းစားဘူးဟု သာဆိုရမည်။ ရန်ကုန်မှာ အလုပ်ရ ရေးတော့ ဝါနုစဉ်းစားရသည်။ ဒါကလည်း မောင့်စကားကို အကြောင်း ပြု၍။

'ဘာပြောပြောမောင်တော့ ဝါနုရန်ကုန်မှာပဲ နေစေချင်တယ်။ မောင်နဲ့ မဝေးအောင်လို့ပေါ့။ မောင်တို့ ကျောင်းက ထွက်ပြီးပြီးချင်း လက်ထပ်ဖို့ဆိုတာကျ မလွယ်သေးဘူး မဟုတ်လား။ နောက်ပြီး ခုနေ အခါ အလုပ်တစ်ခုဆိုတာ ဘာပြောပြော မလွယ်ဘူးမဟုတ်လား။ မောင့်လိုလူမျိုးကျ ကိုယ့်စိတ်တိုင်းကျ ရဖို့ပိုခက်တယ်။ ဒီတော့ မောင်

ဒီလိုစိတ်ကူးတယ်။ မောင် ကျောင်းကပြီးရင် အိမ်ကို ခဏပြန်မယ်။ ပြီးတော့ ရန်ကုန်ပြန်လာမယ်။ အလုပ်အဆင်ပြေရင် ဝင်လုပ်တာပေါ့။ မပြေလည်း ကိစ္စမရှိပါဘူး။ မောင် နိုင်ငံခြားသွားဦးမှာပဲဟာ။ မောင် ပညာတော်သင် လျှောက်မယ်လေ။ အဲဒီတုန်း ဝါနုက အလုပ်တစ်ခု ဝင်လုပ်။ မောင်ပြန်လာတော့ ဝါနုနဲ့လက်ထပ်မယ်။ မကောင်းဘူးလား'

မဆိုးလှပါ။ မောင့်အစီအစဉ်ကို ဝါနုကန့်ကွက်စရာမမြင်။ မှန်သည်။ မောင်နိုင်ငံခြား ပညာတော်သင်သွားမည့်အကြံကို ဝါနု သိပြီးဖြစ်သည်။ ဝါနုလည်း သဘောတူသည်။ တကယ်တော့ မောင်နိုင်ငံခြား မသွားမီ နောက်ဆုံးအချိန်အထိ ဝါနုမောင်နှင့် အတူနေချင်သည်။ တကယ်တော့လည်း ဖြစ်နိုင်လျှင် ဝါနုသည် မောင်နှင့် အမြဲတမ်း အတူနေချင်သည်။ အထူးသဖြင့် ဤတက္ကသိုလ်ဝန်းကျင်မှာ။

အမှန်ပင် ဝါနုကိုယ်တိုင်ကလည်း ဤလောကနှင့် မခွာချင်။ ကုံကော်ပင်ရိပ်များသည် လည်းကောင်း၊ အင်းလျားရေပြင်သည် လည်းကောင်း၊ စင်စစ်အားဖြင့် အလုံးစုံသော ဤလောက၏ ရှိရှိသမျှသည် ချစ်မြတ်နိုးဖွယ်၊ ကြည်နူးဖွယ်၊ တက်ကြွဖွယ်၊ အားကျဖွယ်ချည်းပင် မဟုတ်လားဟူသောအမေးကို ဝါနုအတွေး၌ မကြာမကြာ မေးမိသည်။

ထို့ကြောင့်လည်း နှစ်အကုန် စာမေးပွဲနီးသောအခါ ရန်ကုန်မှာပင် အလုပ်အဆင်ပြေမည်ဖြစ်ကြောင်း အဖေ့ထံသို့ စာရေးခဲ့လေသည်။

ကြည့်စမ်း၊ သည်တစ်ခါ ကိုယ့်မိကိုယ့်ဖထံသို့ ပြန်ရမည်ဆိုသောအခါ စိတ်က နောက်ဆံကလည်း တင်းသေးသည်။ မကျေမနပ်ကလည်း ဖြစ်သေးသည်။ အမှန်ပင် အိမ်ကျမှ မကျေနပ်စရာချည်းပင်။ ပတ်ဝန်းကျင်အနေအထားကအစ အိမ်မှာ နေရထိုင်ရပုံဆိုတာထားဦး။ အဖေသည် စည်းစနစ်သမား။ တက္ကသိုလ်ကျောင်းသူ ဟူ၍

မျက်နှာသာ မပေး။ အိမ်ပြန်ရောက်သည်နှင့် မီးဖိုဝင်ခိုင်းသည်။ အဝတ်မျိုးစုံ အလျှော်ခိုင်းသည်။ သည်အထဲ ရွာကိုခေါ်ပြီး ယာထဲဖြစ်ဖြစ်တော့ ထမင်း ပို့ခိုင်းလိုက်သေးသည်။ သည်ကိစ္စမျိုးနှင့်ပတ်သက်၍ ဝါနု ယမန်နှစ်ကစပြီး နှုတ်ခမ်းစူခဲ့ရသေးသည်။ သည်ကိစ္စမှာ အမေကကျ အလိုက်သိသည်။

'ကျုပ်သမီး ကောလိပ်ကျောင်းသူကို နေရာတကာ မခိုင်းချင်စမ်းပါနဲ့တော်'ဟူသော စကားဖြင့် သမီးဘက်က ကာကွယ်သည်။ သည်တော့ အဖေနှင့် အမေ စကားများရသည်။

မည်သို့ဖြစ်စေ၊ သည်အရွယ်လည်းရောက်လာခါမှ သည်မျှပညာ လည်း သင်ပြီးခါမှ ဘာမျှအရာမရောက်သည့် အောက်ခြေသိမ်းအလုပ်မျိုးကအစ လုပ်နေရသည်မျိုးကိုကား ဝါနု မကျေနပ်...။

ထို့ကြောင့်ပင် အိမ်ပြန်ရောက်၍မျှ တစ်လမကြာ...

'ကျောင်းမှာ သရုပ်ပြဆရာပြန်လျှောက်ဖို့ စီစဉ်ထားခဲ့တယ်။ အဲဒါ ခုရက်မှာ ခေါ်မယ်အဖေ၊ အဲဒီတော့ သမီးအလုပ်ကိစ္စ အတွက် ရန်ကုန်ပြန်ဦးမှ'ဆိုသည်ကို အဖေအလွယ်နှင့် သဘောမတူ။ နောက်ဆုံး မတတ်သာ၍ လွှတ်ရသည်။ အမေက သူကိုယ်တိုင် လိုက်ပို့မြဲဖြစ်၍ လိုက်ပို့သည်။ ရန်ကုန်ရှိ အမေ့မိတ်ဆွေတစ်ယောက်နှင့် ပတ်သက်သော အသိတစ်ယောက်အိမ်မှာ တည်းခိုသည်။ ဝါနု အလုပ်လျှောက်သည်။ မောင်နှင့်လည်း တွေ့သည်။

'အမေပြန်ချင်ပြန်လေ၊ ဝါနု အင်တာဗျူး ထိုင်ရဦးမယ်။ အင်တာဗျူးက ရှေ့လကျမှတဲ့။ အင်တာဗျူးပြီးမှ ဝါနုပြန်ခဲ့မယ်'ဆိုကာ မောင်နှင့်အတူ နေရအောင် အဖေ့အရိပ်ကလွတ်အောင် ကြံလိုက်ဖန်လိုက်သေး၏။

သို့ပေမဲ့ အလုပ်ကိစ္စပြီးလျှင်ပင် အဖေ့ထံသို့ ပြန်ရလေသည်။

မည်သို့ဖြစ်စေ မကြာမီ အလုပ်ခန့်စာရလျှင် မောင်နှင့် ပြန်တွေ့ရမည်ဟု မျှော်လင့်သည်။ သို့သော် ဝါနု အလုပ်ခန့်စာမရ။ ရန်ကုန်သို့လည်း မပြန်ရ။ မောင့်ဆီမှ စာကိုကား တစ်လတစ်ခါ ဖတ်ရမြဲ။

နွေဦးပေါက်မှာ အလုပ်ပေါ်ပြန်သည်။ သည်တစ်ခါတော့ နယ်ကပင်နေ၍ လျှောက်ရသည်။ အင်တာဗျူးခေါ်မှပင် ရန်ကုန်သို့ လာရသည်။ သို့သော် ဤတစ်ကြိမ်၌ မောင့်ကို မတွေ့ရတော့ပေ။ အမှန်ဆို မောင် အလုပ်မရသေးသည်ကို ဝါနုသိသည်။ သည်အလုပ်မှာလည်း မောင်သည် ဝါနုနှင့်အတူ အင်တာဗျူးထိုင်မည်ကို အတပ်သိ၏။ ထို့ကြောင့် မောင်နှင့်တွေ့ရမည်ဟု အားခဲထားပြီးဖြစ်သည်။ သို့ပါလျက် မောင့်ကိုမတွေ့ရ။ ဝါနုစိတ်မှာက မခံချိ။ အင်တာဗျူးဝင်ခဲ့ရပေမဲ့ စိတ်မဖြောင့်။ ပြီး အင်တာဗျူးမှာကလည်း ကိုယ့်ထက် အရည်သာ သူက များသည်။ လျှောက်ထားသူ ခြောက်ဆယ်ကျော်အတွက် အလုပ်က နှစ်နေရာ။ ထို့ကြောင့်ပင် စိတ်လျှော့၍ ပြန်ခဲ့ရသည်။

ယခုတစ်ခေါက် အိမ်ကို ရောက်ပြီဆိုသောအခါ မောင့်စာကို အသင့်တွေ့ရသဖြင့် အနည်းငယ်တော့ အမောပြေသလို ဖြစ်ရသေး၏။ ထို့ကြောင့် အဝတ်ကိုမျှ မလဲဖြစ်သေး။ မောင့်စာကို အဦးအလျင် ဖတ်ရသည်။ ဖတ်ရင်းဖတ်ရင်း ရင်ထဲက ပူလာသည်။ ပါးပြင်မှာ ပူနွေးလာသည်။ မောင့်စာလုံးတွေက မှုန်ဝါးလာသည်။ မောင် လက်ထပ်ရတော့မည်ဆိုသောအကြောင်း။ ဝါနု မယုံချင်။

သည်တုန်းမှာ အဖေ့ခေါ်သံကို ကြားရသည်။ မျက်ရည်စကို ကပျာကယာသိမ်းရသည်။ အဖေ့ရှေ့သို့ လာရသည်။

'သမီးအလုပ်က အဆင်ပြေမှာလား သမီး၊ သမီး ရန်ကုန်ခဏခဏသွားနေတာလည်း စင်စစ်မတော့ အဖေမကြိုက်ဘူး။ သမီးကို

အဖေပြောချင်နေတာကြာပြီ သမီး။ ဒါပေမဲ့ သမီးစိတ်မကောင်းမှာ စိုးလို့ မပြောခဲ့ဘူး။ ဒီလေးငါးနှစ်အတွင်း သမီးအဝတ်အစား အမူအရာကအစ အချိုးပြောင်းလဲပုံကို အဖေ အားမရဘူး။ သမီးကိုအဖေ တက္ကသိုလ် ကျောင်းပို့တဲ့ ရည်ရွယ်ချက်ဟာ အထမမြောက်ဘူးလားလို့ အဖေ ထင်လာတယ်'

ဝါနုခေါင်းကို ငုံ့ထားသည်။ အဖေ့စကားကို မကြားတစ်ချက်၊ ကြားတစ်ချက်။ အဖေ့မှာ ကျတော့လည်း ပြောစရာစကားတွေ ရင်နှင့်အပြည့်ရှိဟန်တူသည်။ အတော်နှင့် မဆုံးနိုင်။ အဖေ့စကားကြောင့်လား၊ မောင့်စကားကြောင့်လား မကွဲပြားသော အကြောင်းကြောင့် ဝါနု မျက်ရည်ကျရပြန်သည်။

'တော်ပါတော့ ကိုအုံးဟန်ရယ်၊ ရှင့်စကားကလည်း ဘာမှန်း မသိဘူး'

အမေက ဝင်ပြောသေးသည်။

'မတော်နိုင်ဘူး လှရင်....၊ မတော်နိုင်ဘူး။ သင်းတို့ တက္ကသိုလ် ကျောင်းကသင်ပေးတဲ့ ပညာဟာ သင်းတို့တိုင်းပြည်အတွက် အလုပ် လုပ်ဖို့သင်ပေးတာ မဟုတ်လား။ အခုကြည့်စမ်း။ မင်းသမီးကို မင်း ကြည့်စမ်း။ အေး မင်းကတော့ မင်းသမီးလှလာတာကိုပဲ ကျေနပ်နေ၊ မင်းသမီးလှလာပုံ လှလာနည်းကိုရော မင်းသတိထားမိရဲ့လား။ ကြည့် စမ်း။ ဝတ်ပုံ၊ စားပုံ၊ နေပုံ၊ ထိုင်ပုံကအစ တူသေးသလား ပြောစမ်း လှရင်။ သင်းပညာတွေ ဘယ်လောက်တတ်လာတယ်ဆိုတာသာ မသိ ရင်ရှိရမယ်။ သင်း အပျိုကောင်းကောင်း လုပ်တတ်လာတာကတော့ အမှန်ပဲ မဟုတ်လား။ မင်းသမီး တခြားမကြည့်နဲ့။ သနပ်ခါးတောင် သွေးမလိမ်းချင်တော့ဘူး မဟုတ်လား။ လိမ်းခြယ်ထားလိုက်ပြန်ရင် ကော ဝတ်ဆင်ထားလိုက်ပြန်ရင်ကော ဘာနဲ့တူသလဲ၊ သူ့ကိုယ်သူ

ရုပ်ရှင်မင်းသမီးလုပ်ဖို့ စိတ်ကူးနေသလားမှ မဆိုနိုင်တာ'

'အိုတော်...'

'မတော်နိုင်ဘူး လှရင်၊ နောက်ကို မင်းသမီးရန်ကုန်မှာ အလုပ်မလျှောက်ရဘူး။ တောမှာပဲ ရရာအလုပ် လုပ်ရမယ်။ ငါအားလုံးစီစဉ်ပြီးပြီ။ လာမယ့်နှစ် လူငယ့်ရေးရာ ညကျောင်းမှာ ကျောင်းဆရာမဝင်လုပ်၊ နေ့ခင်းအိမ်အလုပ်လုပ်၊ အိမ်ကကလေးတွေကို စာပြပေး၊ အေး... ဘဝင်မြင့်မယ်တော့ မကြံနဲ့၊ ငါနဲ့အတွေ့ပဲ'

'ဘယ့်နှယ်တော် ဘီ–အက်–စီတွေ ဘာတွေ အောင်လာမှများ အိမ်အလုပ် လုပ်ရမယ်လို့'

'လုပ်ရမယ် လုပ်ရမယ်'

အဖေသည် အော်ဟစ်ပြောဆိုရင်း နေရာမှထလေသည်။ အမေ့နှုတ်က ဖျစ်တောက်ဖျစ်တောက်စကားသည်မှ အတောမသတ်။

'သမီး မျက်ရည်တွေ သုတ်လိုက်စမ်းပါဦး။ အလကား ပေါင်ဒါတွေပျက်ကုန်မယ်'

အတောမသတ်နိုင်သော စကားကြားမှ အမေ ဖြတ်ပြောလိုက်သော စကားဖြစ်သည်။

သည်တော့ ဝါနုသည် ပါးပြင်ကမျက်ရည်စကို သိမ်းလိုက်မိသည်။

သည်ပါးပြင်သည် ပူနွေးလှဘိသည်။ ဝါနုရင်ထဲမှာ လှပ်ခနဲဖြစ်ရပြန်သည်။ ဩော်...သည်နေရာမှာ မောင့်အနမ်းပန်းရှိသည် မဟုတ်လား။ မျက်ရည်စကို သိမ်းမိလျှင် မောင့်အနမ်းပြယ်မည်လား အထင်ရောက်လိုက်သေးသည်။ ထို့ကြောင့် လက်ကို ပါးပြင်မှပြန်၍ မရုတ်မိ။

'ဟုတ်ပါရဲ့ကွယ်၊ သမီးကလည်း ညည်းအဖေပြောမယ်ဆို ပြော

စရာပဲ၊ ကိုယ့်အိမ်ကိုယ် ပြန်တာတောင် မိတ်ကပ်တွေ ဘာတွေနဲ့'

အမေ့စကားကို ခပ်ဝါးဝါးကြားလိုက်ရတော့ ဝါနု တုန်လှုပ်ရပြန်သည်။

လက်ဝါးကို ပါးပြင်မှာ ခပ်နာနာဖိပြီး ယောင်ယောင်ယမ်းယမ်း ပွတ်သပ်လိုက်ပြန်သည်။

မျက်ရည်စလည်း ခြောက်စေ၊ မှုန်နံ့သာလည်း ပျောက်စေ၊ မောင့်အနမ်းလည်း ပြယ်စေ သဘောပေလား မဆိုနိုင်။

ရှုမဝမဂ္ဂဇင်း၊ မေ၊ ၁၉၆၉။

❑

# ရွာ့ဂုဏ်

ကျွန်တော်တို့ရွာသည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှား ရပ်ဝန်းတွင် ရှိပါသည်။ မြို့ကြီးနှစ်မြို့ကို ဆက်သွယ်သော ကားလမ်းမ ကြီး၏ အတွင်းဘက် သုံးမိုင်ခန့်အကွာတွင် ရှိပါသည်။ သို့သော် ကားလမ်းပေါ်ကကြည့်လျှင် ရွာကို လှမ်းမြင်နိုင်ပါသည်။ ရွာအရှေ့ ဘက်ကပ်လျက် ဘုန်းကြီးကျောင်း၊ ယင်းအရှေ့ဘက်က ယာခင်း များကို မြင်နိုင်ပါ၏။ သို့သော် ယာကွက်သုံးလေးကွက်အလွန်ရှိ သဲချောင်းကလေးကိုကား မမြင်နိုင်ပေ။ ထို့အတူ သဲချောင်း၏ ရွာဘက် ကမ်းထိပ်ရှိ သင်္ချိုင်းဂူကလေးကိုလည်း မြင်နိုင်မည်မဟုတ်ပေ။ ရွာ့ အရှေ့ဘက် ယာခင်းသုံးလေးကွက်ကျော် ချောင်းကမ်းပါးမှ သင်္ချိုင်း ဂူကလေးကား ဦးညိုကြီး၏ သင်္ချိုင်းဂူဖြစ်လေသည်။

ဦးညိုကြီး၏ သင်္ချိုင်းဂူကလေးမှာ ချောင်း၏ ရွာဘက်ကမ်းပါး ရှိ ဦးကျော်ဒွန်း၏ ယာကွက်အလယ် သပွတ်ပင်ကလေးအောက်တွင် ရှိလေသည်။

စကားဆက်လာသည်ဖြစ်၍ သပွတ်ပင်ကလေးအကြောင်း

အနည်းငယ် ဖော်ပြလိုပါသည်။ အပင်မှာ ပင်စောက်မတ်မတ်ကြီး မဟုတ်ပါ။ အရပ်ခပ်ပြတ်ပြတ်၊ အုပ်အုပ် ဆိုင်းဆိုင်းကားရှိလေ၏။ ခက်လက်အုပ်ဆိုင်းများနှင့် အပင်အရပ်နှိုင်းစာလျှင် ပင်ငယ်ကလေး ထင်စရာရှိလေသည်။ သို့သော် ထိုသပွတ်ပင်ကလေးမှာ လွန်ခဲ့သော အနှစ်သုံးဆယ်ကျော် ကျွန်တော်တို့ ငယ်စဉ် လေးငါးဆယ်နှစ် အရွယ် ကလည်း သည်အတိုင်းပင် ရှိသည်ဟု ထင်ပါသည်။ ယခုလည်း သည် အတိုင်းပင်။ သို့သော် ထိုအပင်ကလေးသည် မည်သည့်အချိန် ကစတင်ပေါက်ရောက်ခဲ့သည်ကိုကား မည်သူမျှ မပြောနိုင်ပါ။ ယာခင်း ပိုင်ရှင် ဦးကျော်ဒွန်းလည်း မပြောနိုင်ပါ။ တစ်ခုကျွန်တော် ပြောနိုင် သည်မှာ ကျွန်တော်တို့ ငယ်စဉ်နွားကျောင်းသားဘဝကတည်းက ကျွန်တော်တို့သည် ဤသပွတ်ပင်ခြေရင်းတွင် အရိပ်ခိုခဲ့ကြပါသည်။ ဤ သပွတ်ပင်သို့ရောက်က တေးဆိုကြသော ငှက်တို့၏ တေးသံကို နာခဲ့ကြရပါသည်။ ဤသပွတ်ပင်တွင် အသီးတွေ အခိုင်လိုက် ပြွတ် လျက်သီးရာမှဝင်း၊ ဝင်းရာမှ နီမှည့်လာလျှင် ကျွန်တော်တို့ စားခွင့် ရခဲ့ပါသည်။ ထိုအဖြစ်အပျက်များကိုကား ကျွန်တော် ပြောပြနိုင်ပါ၏။ ယခုလည်း ဤ သပွတ်ပင်ကလေးသည် နွားကျောင်းသားတို့ နားခို ရာဖြစ်မြဲပင်။

စင်စစ် ကျွန်တော် စကားစပ်၍သာ သပွတ်ပင်ကလေးအကြောင်း ပြောပြမိခြင်း ဖြစ်ပါသည်။ ကျွန်တော် ပြောလိုရင်းမှာ သပွတ်ပင် လေးအောက်က သင်္ချိုင်းအုတ်ဂူတွင်းရှိ ဦးညိုကြီးအကြောင်းသာ ဖြစ် ပါသည်။

ဦးညိုကြီးအကြောင်းသာ ဆိုရစေကာမူ ဦးညိုကြီးအကြောင်းမှာ လည်း သပွတ်ပင်ကလေးအကြောင်းနှင့် အစပိုင်းတွင်တူသည်ဟု ဆို နိုင်ပါသည်။ သပွတ်ပင်ကလေးဘယ်လို ဘယ်တုန်းက ပေါက်ရောက်

လာသည်ကို မည်သူမျှ တိတိကျကျ မပြောနိုင်သလို ဦးညိုကြီး အကြောင်းအစ၊ ဦးညိုကြီးဇာတိ၊ မိဘမျိုးရိုးတို့ကိုလည်း မည်သူမျှ အတိအကျ မပြောနိုင်ကြပါ။ နတ်မောက်ဘက်ကပင် ရောက်လာ သလိုလို၊ မြင်းတဲကြီးဘက်ကပင် ရောက်လာသလိုလိုနှင့် သလိုလို ဇာတ်လမ်းဖြင့် စခဲ့ပါသည်။ သို့သော် တိတိကျကျ ပြောနိုင်သည့် အပိုင်းကား ရှိပါ၏။ ထိုအပိုင်းမှာ ဦးညိုကြီး ရမ်းကားသော ကာလ ဖြစ်ပါသည်။

ကျွန်တော်တို့ရွာတွင် တောင်ဘက်၌ ထန်းတောရှိပါသည်။ အညာကျေးလက်ရွာများ၌ ထန်းတောကို တွေ့ရမြဲဖြစ်ပါသည်။ ထန်းတောသည် ရွာအိမ်များအတွက်အမိုးနှင့် ထန်းလျှော်ကို ပေးပါသည်။ ထင်းအဖြစ် ထန်းလက်နှင့် ထန်းဖလက်ကိုလည်း ပေးပါ၏။ နွား စာကျင်းအဖြစ် ထန်းပင်အုပ်လည်း ရနိုင်ပါသည်။ ရွာအတွက် လျှူဖွယ် နှင့် စားဖွယ်အဖြစ် ထန်းလျက်ကိုလည်း ပေးပါ၏။ တစ်နည်းဆိုသော် ထန်းတောသည် ရွာ၏ အားထားရာဖြစ်သလို ရွာ၏ စီးပွားရေး အခြေ စိုက်ဟုလည်း ဆိုနိုင်ပါသည်။ ထန်းတောမှရသော ထန်းလျက်ကို အရောင်းအဝယ်လည်း လုပ်နိုင်သည် မဟုတ်လော။

ကျွန်တော်တို့ ရွာသားများသည် ထန်းတောမှ ရွာအကျိုးပြု ပစ္စည်း များကို ထုတ်လုပ်ကြသကဲ့သို့ပင် ရွာအကျိုးမဲ့ ပစ္စည်းကိုလည်း ထုတ် လုပ်ကြပါသည်။ ရွာအကျိုးမဲ့ ပစ္စည်းဆိုသည်မှာ အခြားမဟုတ်ပါ။ ထန်းရည်ခါးဖြစ်ပါသည်။

အများအားဖြင့် အရွယ်ရောက် ရွာသူရွာသားများပင် ညနေဆို လျှင် ရွာတောင်ထန်းတောသို့ လာမြဲဖြစ်သည်။ အပန်းဖြေသဘောပဲ ထားပါတော့။ ဤသို့ ရွာတောင်ထန်းတောသို့ ရောက်နေကျ လူများ တွင် ဦးညိုကြီးသည် ရှေ့ကဖြစ်၏။

ထန်းရည်သမားများပင် နေလုံးပျောက်၍ အမှောင်ရောက်လျှင် ရွာထဲသို့ ပြန်ဝင်ကြမြဲဖြစ်၏။ ထိုအခါတိုင်း ထန်းရည်သမားတို့၏ ဇာတိရုပ်သည်လည်း ပေါ်မြဲဖြစ်၏။

အချို့က ထန်းတောမှ ထွက်သည်နှင့် သီချင်းအမျိုးမျိုးကို သံသေးသံကြောင် အမျိုးမျိုးဖြင့် အော်ဟစ် သီဆိုတတ်ကြ၏။ 'မဟာပဒုမမှာလေ ဘဂဝါဆုပန်ကာ ငါသေမှာလည်း မကြောက်ခဲ့ပါဘူး'ဟု ဆိုသူကလည်းဆို၏။ 'ဟိတ်လုံရည်ညံ့ လိပ်သုံးတော် ဆီပြန်ကြော်တော့ မဆလာစော်မွှေး'ဟု ဟစ်သူကလည်း ပါတတ်၏။ 'အရှေ့ဆို တောင်ပေါ်ထိပ်က လိပ်ခွပ်လို့ သမင်သေ၊ ချေမိုးမျှော်လို့နေ'ဟု ပေါက်တတ်ကရ တေးသံရှင်များလည်း ပါတတ်၏။ အချို့တေးသံများသည် ရွာနားသို့ ရောက်လျှင်တိတ်မြဲ၊ အချို့ကား ရွာထဲအရောက် ညံစီမြဲ။

သည်လိုလူတွေထဲမှာ ဦးစံရွှေးလိုလူမျိုးကလည်း ပါသေး၏။ သူသည် ထန်းရည်ကလေးထွေလာပြီဆို ပထမဆုံး သူကြီးအိမ် ဝင်တတ်သည်။

'ကဲ...သူကြီးရေ။ ကျုပ်တို့သင်္ဂြိုဟ်ကလေး ငြင်းကြစို့'ဟု စကားစတတ်သည်။

'စံရွှေးရာ မင်းမူးလာပြီပဲဟာ ဘာဖြစ်လို့ သင်္ဂြိုဟ်အကြောင်း ပြောနေမလဲ'ဟု ဆိုလျှင် ဦးစံရွှေး ကျေနပ်မြဲ။

သူ့အနေက သူထန်းရည်သောက်လာကြောင်း လူသိမှ ကျေနပ်သူ။ သူများတကာလို အော်ကြီးဟစ်ကျယ်မလုပ်ပေမဲ့ 'စံရွှေး အရက်မူးလာသဟေ့'ဟု လူတကာ ပြောမှ ကျေနပ်သူ။

'ထန်းရည်ဆိုတာ အလကား သောက်ရတာမှ မဟုတ်တာပဲဟာ။ ပိုက်ဆံပေးသောက်ရတဲ့ဟာ လူသိမှ ကောင်းမှာပေါ့'ဟု သူ ဆိုတတ်မြဲ။

သည်ထဲ ဦးပဥ္စင်းလူထွက် ဦးဇင်းအောင်လို လူမျိုးက တစ်မျိုး၊

သူ့မူလ နာမည်မှာ ကိုဘအောင်၊ ကိုရင်ဘဝမှ ရဟန်းတက်သည်အထိ ရှင်ပညာဇောတ။ သို့သော် တစ်ရွာလုံးကပင် သူ့အား ဦးဇင်းအောင်ဟု ခေါ်ခဲ့ကြ၏။ ရဟန်းဘဝမှထွက်၍ လူ့ဘဝရောက်သည်အထိလည်း သူ့နာမည်မှာ ဦးဇင်းအောင်ဟု တွင်မြဲ။

ဦးဇင်းအောင်မှာ ရဟန်းဘဝကထွက်ပြီး နှစ်နှစ်အကြာမှာ အိမ်ထောင်ကျသည်။ မယားကြောက်ရသည်ဟု ဆိုကြ၏။ ဖြစ်နိုင်ပါသည်။ သူထန်းတောက ပြန်လျှင် ရွာသို့ဝင်လေ့မရှိ။ ရွာတောင်ဘက်ကပ်လျက် ဇရပ်မှာသာ လှဲနေတတ်သည်။ တစ်ရေးနိုးသည်နှင့် 'သရဲဗျို့ သရဲ' ဆိုကာ ရွာဆီသို့ ပြေးလာမြဲ၊ ဦးဇင်းအောင်သည် သရဲကိုသာ အမူးပြေမှ ကြောက်တတ်၏။ မယားကိုကား မူးမူး မမူးမူး ကြောက်တတ်၏။

မည်သူ့ကိုမျှ မကြောက်သူကား ဦးညိုကြီး၊ တစ်နည်းဆိုလျှင် ရွာထဲက လူတိုင်းကြောက်ရသည်မှာ ဦးညိုကြီး။

မကြောက်၍လည်း မဖြစ်၊ ဦးညိုကြီးသည် မူးလာသည်နှင့် ရန်လိုတတ်သည်။ သူကသာ ရန်လိုသည်။ သူ့ကို မည်သူမျှ မဖက်ပြိုင်ဝံ့ထို့ကြောင့်လည်း ဦးညိုကြီး ပို၍ကဲလာသည်ဟု ဆိုရမလားမသိ၊ သူ့ကိုမည်သူက ဖက်ပြိုင်သည်ဖြစ်စေ၊ မဖက်ပြိုင်သည်ဖြစ်စေ၊ သူကမူ တစ်ရွာလုံးကို စိန်ခေါ်တတ်သည်။ ရိုးရိုးစိန်ခေါ်သည် မဟုတ်။ ရွာထဲဝင်သည်နှင့် သူမမူးခင်က ဘယ်လို သဘောထားသည့် အိမ်ပဲဖြစ်ဖြစ်မူးစိတ်ဝင်လာသည်နှင့် မိတ်ဆွေ၊ ရန်သူ မခွဲတော့၊ ချစ်သူ၊ မုန်းသူဟုလည်း မသိတော့၊ ခဲမိုးရွာချင်လည်း ရွာသည်။ ခြံစည်းရိုးဝကနေပြီး ကလော်ဆဲချင်လည်း ဆဲသည်။ သည့်အတွက် သူ့ကို တုံ့ပြန်ဖို့ မကြိုးစားပါလေနှင့်။ သူ့လက်ချက်ဖြင့် သွေးထွက်သံယိုဖြစ်ရမြဲ၊ တုတ်နီးလျှင် တုတ်နှင့်ရိုက်တတ်သည်။ ဓားပါလျှင် ဓားနှင့်ထိုးဖို့ ခုတ်ဖို့လည်း

ဝန်မလေး။ ထို့ကြောင့် အစောပိုင်းတွင် သူထောင်ထဲသို့ သုံးလေးကြိမ် ဝင်ခဲ့ရသေး၏။ နောက်ပိုင်းတွင်ကား သူကြီးကိုပါ စိန်ခေါ်လာသော အခါ သူကြီးကိုယ်၌က သူ့ကို အမှုမလုပ်ရဲတော့။

တကယ်က ဦးညိုကြီးသည် အခြေမဲ့ အနေမဲ့ စာရင်းငှား။ သူ မိုက်မှန်းသိပေမဲ့ သူ့ကို မခိုင်းဘဲမနေနိုင်၊ လူမိုက်တို့အားကိုးနှင့် ငှား ကြတာလည်း ဖြစ်သည်။ ကြောက်၍ ငှားကြတာလည်း ဖြစ်သည်။

ဦးကျော်ဒွန်းဆို ဦးညိုကြီးကို ကြောက်လိုက်သည်မှာ မပြောနှင့်။

'မင်းကိုငါ အမြဲငှားဆို ငှားပါ့မယ် ညိုကြီးရယ်၊ မင်းထန်းရည်ဖိုး လိုရင်လည်း ငါပေးပါ့မယ်။ အဲ ဒါပေမဲ့ မင်းမူးလာရင်တော့ ငါ့အိမ် တက်မလာပါနဲ့ကွာ'ဟုပြောကာ ဦးညိုကြီးကို အမြဲငှားထားခဲ့သည်။ ချစ်၍လည်း မဟုတ်၊ အားကိုးလို၍လည်းမဟုတ်။ ကြောက်၍ မုန်း ပင် မုန်းသေး၏။

ဦးညိုကြီးကို အကြောက်ရဆုံးကား ကျွန်တော်တို့ ကလေးများ ပင် ဖြစ်သည်။

'ဒီကလေး ဘာငိုနေတာလဲ ညိုကြီးခေါ်လိုက်ရမလား'ဟု ခြိမ်း ခြောက်လာလျှင် ကလေးတိုင်း အငိုတိတ်မြဲ။

ဦးညိုကြီးကို တစ်ရွာလုံး ကြောက်သည့်နည်းတူ မုန်းလည်း မုန်းကြ၏။ ဦးကျော်ဒွန်းမှအပ ဦးညိုကြီးကို ဆက်ဆံသူမရှိ။ ဦးကျော် ဒွန်း ဆက်ဆံသည်မှာလည်း ဦးညိုကြီးမမူးချိန်သာ ဖြစ်၏။ အများ အားဖြင့်ကား ဦးညိုကြီး မူးမူး မမူးမူး တယ်ပြီး အဆက်အဆံ မလုပ် ကြ။

ဒုတိယကမ္ဘာစစ်မဖြစ်မီကလေးတွင် ဦးညိုကြီး လူသတ်မှု ကျူး လွန်သည်။ သည်တစ်ခါတော့ ရွာလူကြီးက ဦးညိုကြီးကို မဖမ်းပေ မယ့် မြို့ပေါ်မှ ရာဇဝတ်အုပ်ကိုယ်တိုင် ဦးညိုကြီးကို လာဖမ်းသည်။

လူသတ်မှုဖြစ်၍ ဦးညိုကြီး ကြိုးစင်တက်ရမည်ဟု ပြောကြသည်။ ထိုအခါ တစ်ရွာလုံး ဝမ်းသာကြသည်။ တရားလိုဘက်က တစ်ရွာလုံး သက်သေလိုက်ကြသည်။

'အေး... ငါထောင်ကထွက်လာရင် နင်တို့တစ်ရွာလုံး မီး အတိုက်ပဲ'ဟုပင် ဦးညိုကြီးက ကျိန်းသွားခဲ့သေးသည်။

သို့သော် ရွာကမမှု။ ဦးညိုကြီး ကြိုးစင်တက်ရမှာပဲဟု အားလုံးက ယူဆသည်။

သို့ပေမဲ့ ဦးညိုကြီး ကြိုးစင်မတက်ရမီမှာပင် ကာလပျက်လေတော့သည်။ ဂျပန်တက်လာသည်။ အင်္ဂလိပ်ပြေးသည်။ မြို့ပေါ်က ထောင်ပေါက်သည်ဟု ကြားရ၏။

တစ်ရွာလုံးပင် ဦးညိုကြီးသတင်းကို နားစွင့်ကြပြန်သည်။ သင်းမသေဘဲ ရွာပြန်လာပါက ပြောသည့်အတိုင်း တစ်ရွာလုံးကို မီးလောင်တိုက်မသွင်းဟု မည်သူမျှ မပြောနိုင်။

သည်ကြားကပင် ဖက်ဆစ်တော်လှန်ရေး ကာလမတိုင်မီကလေးတွင် ဦးညိုကြီးရွာသို့ ပြန်ရောက်လာသည်။ တစ်ရွာလုံး ထိတ်ထိတ်ပျာပျာ ဖြစ်ရလေတော့သည်။

အစကတော့လည်း တစ်ရွာလုံးကပင် မင်းမဲ့စိုးမဲ့ကာလမှာ ဦးညိုကြီးကို ဝိုင်းသတ်ကြမည် ကြံစည်ကြသေးသည်ဟု သိရ၏။ သို့သော် ထိုအကြံအစည်ကို ဦးကျော်ဒွန်းက တားသည်ဟု ပြောကြသည်။

ဦးကျော်ဒွန်းသည်လည်း အမှန်ပင် အံ့ဩစရာကောင်းသူဖြစ်၏။ ဦးညိုကြီးကို မုန်းသူများတွင် သူသည် ထိပ်ဆုံးက။ သို့သော် ဦးညိုကြီးကို သူပင် ပြန်လက်ခံ၏။ ထို့ကြောင့် တစ်ရွာလုံးက ဦးကျော်ဒွန်းကို အံ့ဩသည်။

ထို့ထက်သော်ကား တစ်ရွာလုံး အံ့ဩသူမှာ ဦးညိုကြီး ဖြစ်

လေသည်။

ယခုတစ်ကြိမ်ရွာသို့ ပြန်ရောက်လာသော ဦးညိုကြီးသည် ထန်းရည်မသောက်တော့။ ရွာထဲတွင်လည်း မရမ်းကားတော့၊ သူ ပြန်ရောက်လာသည်ဟုသာ သိရသည်။ ရွာမှာလည်း အတွေ့ရနည်းသွားသည်။

ထိုကာလတွင် ဦးညိုကြီးထက်ပို၍ ကြောက်ရသူပေါ်လာသည်။ ထိုသူတို့ကား ဖက်ဆစ်များဖြစ်ကြ၏။ ဖက်ဆစ်တွေ မကြာမကြာ ရွာသို့ ရောက်လာတတ်သည်။ သင်းတို့ အနှိပ်စက်အညှဉ်းပန်းကို အမျိုးမျိုးခံကြရသည်။ မည်သူမျှ အန်မတုရဲ၊ ဦးညိုကြီးတုန်းက မူးမှ ကြောက်ရသည်။ တစ်ယောက်တည်းကိုသာ ကြောက်ရသည်။ ဦးညိုကြီး ရမ်းကားတတ်သည့်အချိန်ကို ကြိုသိ၏။ ထို့ကြောင့် ဦးညိုကြီးကို ရှောင်နိုင်၏။ ဖက်ဆစ်များကား အချိန်မရွေး လာတတ်သည်။ လာတိုင်းလည်း ရမ်းကားတတ်၏။ မိမိဘာသာနေ၍လည်းမရ၊ သို့ဖြင့် တစ်ရွာလုံး ဖက်ဆစ်ရန်ကို ကြောက်လာကြရ၍ထင်၏ ဦးညိုကြီးရန်ကို မေ့ကြ၏။

ဖက်ဆစ်တော်လှန်ရေးကာလသို့ ရောက်လာသည်။ ဖက်ဆစ်များ ဆုတ်ခွာစပြုပြီဟု သိရ၏။ ရွာဘက်ရောက်လာမည်ကို စိုးရိမ်ကြသည်။ အချို့ရွာထဲမှာပင် မနေဝံ့တော့။ ဘုန်းကြီးကျောင်း ပြောင်းသူ ပြောင်းဖြစ်နေ၏။

ထိုစဉ် တစ်နေ့ရွာဘက်သို့ ဖက်ဆစ်အချို့ ရှေးရှုလာနေသည်ဟု သတင်းရသည်။ သူကြီးပင် လွတ်ရာသို့ ရှောင်လေပြီ။ ရွာထဲမှာလည်း လူအနည်းငယ်သာ ရှိတော့သည်။

ထိုစဉ် တစ်ညနေ။ ရွာအရှေ့ဘက်မှ ပေါက်ကွဲသံပစ်ခတ်သံများကြားရသည်။ တစ်ရွာလုံး ရွာပြင်နီးရာတောအုပ်ဆီသို့ ပြေးကြ၏။ ဘုန်းကြီးကျောင်းက လူများပင် လှိုုထဲဝင်သူဝင်၊ တောထဲပြေးသူပြေး

ဖြစ်ကြ၏။

ပစ်ခတ်သံ၊ ပေါက်ကွဲသံများနောက်ပိုင်းတွင်ကား ရွာပတ်ဝန်းကျင်သည် ပြန်လည် တိတ်ဆိတ်သွားလေ၏။ အသံဗလံကြားရာဆီသို့ မည်သူမျှ မသွားဝံ့ကြ။ ညလည်း မှောင်လာပေပြီ။ အခြေအနေကိုကား အားလုံး သိလိုကြလေသည်။

နောက်နေ့လင်းမှပင် ယမန်နေ့ညနေက အသံများထွက်ပေါ်ရာနေရာသို့ သွားရောက်စူးစမ်းကြသည်။ ချောင်း၏ ရွာဘက်ကမ်းပါး၌ စက်သေနတ်ဒဏ်ရာများဖြင့် သေနေသော ဦးညိုကြီးကို လည်းကောင်း၊ ချောင်း၏ အခြားတစ်ဖက်ကမ်း၌ ဖက်ဆစ်များ လက်ပစ်ဗုံးဒဏ်ရာဖြင့် လဲကျသေဆုံးနေသည်ကို လည်းကောင်း တွေ့ကြရ၏။ သည်တော့လည်း ဦးညိုကြီးအကြောင်းကို အမျိုးမျိုး မှန်းဆပြောလာကြခြင်းဖြစ်သည်။

ဖက်ဆစ်များကို တစ်ယောက်တည်း ခုခံတွန်းလှန်ရင်း အသက်စွန့်သွားသော ဦးညိုကြီးအဖြစ်။

သို့သော် မည်သူကမျှ ဦးညိုကြီးအကြောင်းကို တိတိကျကျ မပြောနိုင်ကြသေးပေ။ သို့သော် ဦးကျော်ဒွန်းကမူ ဦးညိုကြီး၏ ရုပ်အလောင်းကို သူ၏ ယာခင်းလယ် သပွတ်ပင်အောက်တွင် မြှုပ်နှံခဲ့၏ ။

ထို့နောက် များမကြာမီပင် ရွာသို့ တော်လှန်ရေးရဲဘော်များ ရောက်လာကြသည်။ ဗိုလ်လုပ်သူက ဦးညိုကြီးကို စုံစမ်းသည်။ ဦးညိုကြီးမှာ အင်္ဂလိပ်မပြေးခင် သူနှင့်အတူ ထောင်ကျဘက် ဖြစ်ကြောင်း။ ထောင်ထဲတွင် ဦးညိုကြီးနှင့် ရင်းနှီးခဲ့ကြောင်း၊ ဦးညိုကြီး၏ သတ္တိကို အလွဲသုံးစားပြုလျက် လူမိုက်ဖြစ်နေပုံကို သိခဲ့ကြောင်း၊ ထို့ကြောင့် ဦးညိုကြီးအား နိုင်ငံရေး တရားများဟောပြီး သိမ်းသွင်း

ခဲ့ကြောင်း၊ မိမိလူမျိုးအပေါ် ဗိုလ်ကျလူမိုက်လုပ်နေခြင်းမှာ မမှန်ကြောင်း၊ မိမိလူမျိုးအပေါ် ဗိုလ်ကျလူမိုက်လုပ်နေသည့် ဖက်ဆစ်များကို တိုက်ခိုက်ရမည်ဖြစ်ကြောင်း သိမ်းသွင်းခဲ့ပုံနှင့် ဦးညိုကြီးမှာ တော်လှန်ရေးတပ်သားတစ်ဦးဖြစ်ခဲ့ပုံတို့ကို ရှင်းပြလေတော့သည်။

သည်တော့မှလည်း ဦးညိုကြီးကျဆုံးရသောအဖြစ်ကို ရွာမှလူများ သိလာကြရလေတော့သည်။

ရွာသို့လာကြသည့် ဖက်ဆစ်များကို တစ်ဦးတည်း ခံတိုက်ခဲ့ပုံ။

ထိုအခါမှစ၍ ဘယ်တုန်းကမှ ဆေးဖော်ကြောဖက် မလုပ်ခဲ့သော ဦးညိုကြီးအတွက် ရွာမှ လူများက စုဆောင်း၍ ဦးညိုကြီး၏ ဂူသင်္ချိုင်းကို တည်ဆောက်ခဲ့ကြခြင်းဖြစ်သည်။ ဦးညိုကြီးအကြောင်းကိုလည်း တသသ ပြောလာခဲ့ကြခြင်းဖြစ်သည်။

ယခုတိုင်ပင် ကားလမ်းပေါ်ကနေ၍ ဦးညိုကြီးဂူကို မမြင်ရစေကာမူ ရွာသို့ ရောက်လျှင်ကား ဦးညိုကြီးအကြောင်းကို ကြားရမြဲဖြစ်၏။ သို့ဖြစ် ကျွန်တော်တို့သည် တစ်ချိန်က ကြောက်ရွံ့ခဲ့သော ဦးညိုကြီးကို လေးစားလာခဲ့ကြသည်။ ချစ်ခင်မြတ်နိုးလာခဲ့ကြလေသည်။

ကျွန်တော်တို့ရွာ၌ ဂုဏ်ယူစရာဟူ၍ ကြီးကြီးကျယ်ကျယ်မရှိပါ။ သို့သော် ဦးညိုကြီးနှင့်ပတ်သက်၍ ဂုဏ်ယူပြောဆိုကြရမည်ဆိုလျှင် တစ်ရွာလုံး ချီးကျူး၍မဆုံး။

ပန်းမျိုးတစ်ရာမဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၁၉၈၁။

# လမ်းမမြင် ကမ်းမမြင်

သိန်းထွန်းသည် တောင်ပေါ်မှ မဆင်းမီ အဝေးသို့ မျှော်ကြည့်မိပြန်သည်။ ဤလမ်းသည် အဆင်းလမ်း။ သို့ပေမဲ့ သိန်းထွန်း၏ ခြေလှမ်းသည် တုံ့နေဆဲဖြစ်သည်။ မြင်နေရသော တူရူလမ်းသည် သူ့အမြင်တွင် မှုန်ဝါးနေ၏။

စင်စစ် ယခု သူသွားရမည့် လမ်းကို သူ မသိမဟုတ်။ သိ၏။ သို့ပေမဲ့ သူထိုနေရာသို့ မပြန်ချင်။ ထိုနေရာသည် သူ့နေရာမဟုတ်တော့ဟု သူ နားလည်ပါ၏။

နောက်ဘက်သို့ လှည့်ကြည့်မိပြန်သည်။ ပတ္တမြားစေတီ၏ အရိပ်သည် အေးမြလှစွာ၏။ ဆည်းလည်းသံသည်လည်း ချိုမြိန်လှစွာ၏။ ဤနေရာမှ သိန်းထွန်းမခွာချင်။ ဤနေရာမှ ခွာခဲ့လျှင် သူ ထိုနေရာသို့ ပြန်ရပေဦးမည်။ ယခုအကြိမ် ထိုနေရာသို့ ပြန်ရခြင်းသည် စတုတ္ထအကြိမ်။

သို့ပေမဲ့ ယခုတစ်ကြိမ် ပြန်ရခြင်းသည် ယခင်နှစ်ကြိမ်က ပြန်ရောက်ခဲ့ခြင်းမျိုးနှင့် မတူသည်ကိုကား သူသိပါ၏။ ယခု အနေ

အထားသည် သူမကြာမကြာ ပြောတတ်သော 'ခေတ်ကြမ်းကြီး'က အနေအထားမျိုး မဟုတ်သည်ကို သူသိပါ၏။

သူ ထိုနေရာသို့ ပထမဆုံးအကြိမ် ရောက်လာခဲ့ရသော အဖြစ်ကို သူ မမေ့။ သည်တုန်းက သူ့အသက် ဆယ့်တစ်နှစ် ဆယ့်နှစ်နှစ်လောက်ပဲ ရှိဦးမည်။ ဘာပြောပြော သူသရက်ကလေးထောင်သို့ သွားရမည်ဆိုခြင်းကို သဘောကျခဲ့သည်။ နေစရာမရှိ၊ စားစရာမရှိ နေနေရသည်ထက် ထောင်ထဲမှာ နေရသည်က ကောင်းဦးမည်ဟု သူ ယူဆလိုက်သည်။ ထို့ကြောင့် ခိုးမှုပြစ်ဒဏ်ဖြင့် သိန်းထွန်း ဤနေရာသို့ ပထမဆုံးအကြိမ် ရောက်ခဲ့ရခြင်း ဖြစ်သည်။

ပထမဆုံးအကြိမ်ဆိုတော့ သူ့အဖို့ အသစ်အဆန်းချည်း။ မီးရထား စီးခဲ့ရသည်ကို သူပျော်သည်။ သင်္ဘောစီးခဲ့ရသည်ကိုလည်း သူ သဘောကျ၏။ အုတ်တံတိုင်းကြီး ထီးထီးမားမားကို မြင်ရပေမဲ့ သူ မတုန်လှုပ်။ သို့ပေမဲ့ အဝင်ဝမှာ သူ ငိုင်နေမိသေးသည်။ အသစ်အဆန်းကို အံ့သြနေတာလည်း ဖြစ်၏။

'အထဲဝင်လေကွာ'

သူ့ဘေးက ရံလျက် ပါလာသော ရဲအမှုထမ်း၏ အသံကြောင့် ခြေလှမ်းလိုက်ပါ၏။

'ဖြောင်း'ခနဲအသံကို ကြားလိုက်ရသည်ထင်သည်။ ညို့သကျည်းမှာ နာသွားသည်။ ဘယ်က ဘယ်လို ကျလာမှန်း မသိသော ဝါးရင်းတုတ်။ ဘာမျှ စဉ်းစားနေချိန် မရလိုက်။ သူ့ခန္ဓာကိုယ် သေးသေးကလေးသည် ရှေ့သို့ ငိုက်ကျသွား၏။ 'အမယ်လေးဗျ' အော်လိုက်မိသလားပင် မသိ။ မှောက်လျားထိုး လဲကျရာမှ ပြန်အထတွင် မျက်ရည်သွယ်ကျနေသော မိမိအဖြစ်ကိုပင် မိမိမသိ။

'သွား...ဝဝစား၊ ဝေးဝေးနေ၊ ဝင်မရှုပ်နဲ့၊ ဝါးရင်းတုတ်စာ မိသွား

မယ်၊ ဒီနေရာရောက်ရင် ဒီ'ဝ'လေးလုံးကို မှတ်ထား..'

ထိုစကား မာမာထန်ထန်ကို ကြားလိုက်ရသောအခါ ခန္ဓာကိုယ်သည် တုန်သွားသည်။ သူ့ဘေးက ဝါးရင်းတုန် ကိုင်လျက်သားလူကြီးကို သူ ပီပီသသ မမြင်နိုင်။ ရဲရဲလည်း မကြည့်ရဲ၊ မျက်ရည်စကလည်း ဝေနေသည်။

မည်သို့ဖြစ်စေ၊ 'ဝ'လေးလုံးဆိုသော စကားကိုကား သိန်းထွန်းမှတ်ထားလိုက်မိသည်။ 'ဝဝစား၊ ဝေးဝေးနေ၊ ဝင်မရှုပ်နဲ့၊ ဝါးရင်းတုတ်စာမိသွားမယ်'

'ဝဝစား'ဟူသော ဆောင်ပုဒ်ကိုကား၊ သူကြိုက်ပါသည်။ သူ့အဖို့ဝဝမစားခဲ့ရသည်မှာ ကြာပြီမဟုတ်လား။ ထို့ကြောင့်လည်း ရောက်စညစာကိုတော့ သူအမှန်ပဲ 'ဝဝစား'ရတော့မည်ဟု မျှော်လင့်ခဲ့သည်။ ထို့ကြောင့် အဝင်က ဘုမသိ ဘမသိ ခံလိုက်ရသော ဝါးရင်းတုတ်စာကို သူမေ့ပစ်လိုက်သည်။ မှန်သည်။ 'ဝဝစား'ရမည်ဆိုလျှင် သည်တစ်ကြိမ်မျှသော ဝါးရင်းတုတ်စာလောက်ကို သူမမှုပါ။ 'ဝဝ'မဆိုထားနှင့် ထမင်းတစ်လုတ်၊ မုန့်တစ်ချပ်မျှ မစားခဲ့ရသည့် ရက်တွေကိုပင်သူကြုံခဲ့လှပေပြီ။ ဆိုင်ပေါ်က မုန့်ကို ဆိုင်ရှင်အလစ်တွင် သူခိုး၍စားခဲ့သည်။ ထမင်းတစ်လုတ်အတွက်လည်း သူအလစ်နှိုက်ခဲ့သည်။ လူမိ၍ အရိုက်အနှက် ခံခဲ့ရသည့်အကြိမ်တွေလည်း မနည်းတော့။ ထိုထမင်းတစ်လုတ်၊ မုန့်တစ်ချပ်အတွက် အကြိမ်ကြိမ် အရိုက်အနှက်ခံခဲ့ရသည်နှင့်စာလျှင် သည်နေရာတွင် အမြဲတမ်း 'ဝဝစား' နိုင်ဖို့ဝါးရင်းတုတ်တစ်ချက်သည် ဘာမျှမှုလောက်သည် မဟုတ်သေး။ သို့ပေမယ့် သည်တုတ်တစ်ချက်စာပေမဲ့ နာတော့ အနာသား။ ယခုထမင်းစားဆောင်သို့ လာခဲ့သည်အထိ ခြေထောက်က ထော့နဲ့ ထော့နဲ့။

ထမင်းပွဲကိုမြင်တော့ တန်းလျားခုံတွင် ဝင်ထိုင်ရမည်ကိုပင် ဝန်

လေးသွားသည်။ ကြည့်စမ်းပါဦး။ ထမင်းမှ ဟုတ်ပါလေစ။ ဆန်ဆို သည်မှာ အဖြူဖြစ်မှန်းလောက်တော့ သိန်းထွန်း သိသည်။ သည်လို ဆို ထမင်းလည်း ဖြူရမည်။ သို့ပေမဲ့ နီကျင်ကျင် ထမင်းမျိုးကိုလည်း သိန်းထွန်းစားဖူးပါ၏။ သည်တော့ ထမင်းဆိုသည်မှာ အဖြူသာ မဟုတ်သေး၊ နီကျင်ကျင်လည်း ဖြစ်နိုင်သည်ကို သိပါ၏။ သို့ပါလျက် သူ့ရှေ့က ထမင်းဆိုသော အရာကား မဲညစ်ညစ်။

မတတ်နိုင်။ ထမင်းဟု ဆိုနေသည်ပဲ။ တစ်မနက်လုံးလည်း ဘာမျှ မစားရသေး။ စားရပေမည်။ ရှေ့က အရည်သောက် ဟင်းသည် ဘာမှန်းမသိ။ ဆီပါသည်။ မပါသည်က အရေးမကြီး။ ထမင်းခွက်ကို နှိုက်လိုက်သည်။ ဆန်စေ့နှင့် ကျောက်ခဲနိုင်းချင်းချက်ထားသော ထမင်း ကို ပထမဆုံးအကြိမ် တွေ့ရခြင်း။

သိန်းထွန်း ရုတ်တရက် နားမလည်။ ဆန်နှင့်ကျောက်ခဲ နိုင်းချင်း ချက်ပြုတ်စားသောက်နေကြသည်မဟုတ်မှန်းကိုကား သိပါ၏။ သို့ပါ လျက် သူ့ရှေ့က သူလိုကလေးတွေပင် ထိုထမင်းခွက်ကို အငမ်းမရ စားနေကြသည်ကိုတော့ သူလည်း မနေသာ။ ဆာလည်း ဆာလှပြီ။ ကိစ္စမရှိပါ။ ကျောက်ခဲကို ဘေးဖယ်ရမည်ပေါ့။ မဖြစ်သေး။ သူ့ ပတ်ဝန်းကျင်က ကလေးတွေထဲမှာ ကျောက်ခဲကို ရွေးဖယ်နေသူ တစ်ယောက်မျှ မရှိ။ ဟင်းရည်ကို ခွက်ထဲလောင်းထည့်၊ ရောနယ်၊ ပြီးအားရပါးရစား။ 'ဂျလစ်'ခနဲ သွားက ကျောက်ခဲကို ဝါးမိတော့ မှ ထွေးထုတ်။ တချို့ဆို ထွေး၍ပင် မထုတ်။ ကျောက်ခဲပါ ဝါးချလိုက် ကြသည်။ သည်တော့ သိန်းထွန်းလည်း သည်အတိုင်း ကျင့်ရမည်။ အရေးကြီးသည်က ဝဝစားရဖို့။

သိန်းထွန်း အားပါးတရ စားသည်။ ခဏချင်းပင် သူ့ခွက်ထဲက ထမင်း ပြောင်လေပြီ။ သို့ပေမဲ့ သူမဝသေး။ သူ့ဘေးက ကလေးကို

ငဲ့ကြည့်သည်။ ပြီး...

'ထမင်း ဘယ်မှာရမလဲ'

သူ့ဘေးက ကလေးငယ်သည် သူ့ကို နားမလည်သလို ကြောင်ကြည့်လာခြင်းကို သူဘာမျှ သဘောမပေါက်။ အမိပ္ပာယ်တစ်ခုခု ရှိမည်ဟုလည်း မထင်။

ကလေးငယ်က စကားပြန်မပေး။ သူ့ထမင်းကိုသာ သူ ငုံ့စားနေလိုက်သည်။

'ဘာလဲကွ၊ မင်းက ထမင်းထပ်လိုချင်လို့လား'

သူ့ရှေ့က အသံ။

'ဟုတ်တယ်'

'ရမယ်၊ ရမယ်၊ သွား၊ ဟောဟိုဘက်က တဲကြီးထဲ သွားတောင်း'

သူ့ထက် နှစ်နှစ် သုံးနှစ်ခန့် ကြီးမည်ထင်ရသော ကလေးက ပြောသော စကားကို သူ ဘာမျှသံသယ မဖြစ်။ သူနေရာမှ ထသည်။ ထမင်းစားဆောင်၏ အဝဆီသို့ လာခဲ့သည်။

'ဒါက ဘယ်လဲ'

တံခါးဝမှ တုတ်ကိုင်ထားသော လူကြီးအသံ။

'ထမင်း လိုချင်လို့'

'ဘာ..'

'ထမင်း မဝသေးလို့ပါ'

'ဩော်... ထမင်းမဝသေးလို့ ဟုတ်လား'

'ဟုတ်ပါတယ်'

'အေး မဝရင် မင်းအမေ့လင်ဆီသွားတောင်းကြည့်ပေါ့။ ပေးလိုက်လိမ့်မယ်'

စကားအဆုံးတွင် တင်ပါးကို ပိတ်ကန်ခံလိုက်ရသည်။ ထမင်း

ခွက်နှင့်အတူ ရှေ့ဘက်သို့ ဟပ်ထိုးလဲကျရလေပြီ။ ဝါးခနဲ ရယ်သံတွေကိုလည်း ကြားလိုက်ရသည်။ သို့ပေမယ့် သိန်းထွန်းအခြေအနေကို မသိသေး။ ဝဝစားရဦးမည် မျှော်လင့်ဆဲ။ သို့ဖြင့် စားဖိုဆောင်သို့ လာခဲ့သည်။ ထမင်းကိုကား မရ။ နားရင်းကိုသာ ခပ်ပြင်းပြင်း အချခံခဲ့ရလေသည်။

သိန်းထွန်းအဖို့ ထိုနေရာ၏ ပထမနေ့ အတွေ့အကြုံ။ သည်တော့ နာလာသည်။ ဝမ်းလည်းနည်းသည်။ ဒေါသလည်း ဖြစ်သည်။ ထို့ကြောင့် နောက်တစ်နေ့မနက် အိပ်ရာထဲ ကိုယ်လက်လှုပ်ရှားခွင်သို့ ရောက်သည်နှင့် ဆရာကြီးဟု ခေါ်ရသော ထောင်အမှုထမ်းက

'ဟေ့ကောင်၊ မင်းက လူသစ်လား'ဟု မေးသောအခါ

'ဟုတ်တယ်'

ခပ်ပြတ်ပြတ် ဖြေခဲ့သည်။

'ဘာမှုလဲ'

'ခိုးမှု'

ဟေ့ ဟော ဒီအရွယ်နဲ့ သူခိုးဖြစ်နေပြီဆိုပါတော့'

သိန်းထွန်း မဖြေ။

'မင်း အဖေအမေတွေကိုက သူခိုးထင်တယ်'

'မဟုတ်ဘူး'

'ဒါဖြင့် မင်းအဖေအမေတွေက ဘာလုပ်သလဲ'

'မသိဘူး'

'ဘာကွ'

သိန်းထွန်း နှုတ်ဆိတ်နေလိုက်သည်။ ထပ်လည်း သူ ဘာမျှ မပြောတတ်။

'ဟေ့ကောင် မေးနေတာ မကြားဘူးလား'

'ကျွန်တော်မှ မသိတာ'

'မင်း အဖေအမေ ဘာလုပ်မှန်းတောင်မင်း မသိဘူး၊ ဟုတ်လား'

'ဟုတ်တယ်၊ မသိဘူး'

'ဒါဖြင့် မင်း အဖေအမေ နာမည်လောက်တော့ မင်း သိရမှာပေါ့'

'ဟင့်အင်း'

'ဘာ'

'ကျွန်တော် မသိဘူး'

သိန်းထွန်းအသံသည် မသိမသာ တုန်လာပေပြီ။

မှန်သည်။ သိန်းထွန်းသည် သူ့မိဘများ ဘာလုပ်သည်ကို မဆိုထားနှင့် မည်သူမည်ဝါ ဖြစ်သည်ကိုပင် မသိရိုးအမှန်။ တစ်ခုပဲသူသိသည်။ သူ လူမှန်းသိတတ်စအရွယ်မှာ သူ အိမ်တစ်အိမ်တွင် နေရသည်။

ဦးဘစံနှင့် ဒေါ်စောခင်။ သူတို့မှာ သားသမီး သုံးယောက်ရှိသည်။ ဦးဘစံက ကားဒရိုင်ဘာ။ ပထမတော့ သိန်းထွန်း သူ့ကိုယ်သူ ဦးဘစံသားဟုပင် ထင်သည်။

'နင်...ငါ့ယောကျ်ားကို အဖေအမေ မခေါ်နဲ့၊ နင် .... ငါတို့သား မဟုတ်ဘူး'

ဒေါ်စောခင်ဆီက စကားကို ကြားရစက သူ နားမလည်။ ယုံလည်း မယုံ။

တစ်ညတွင်...

'မင်းကလည်းကွာ ကလေး အားငယ်အောင် ဘာလို့ သွားပြောရတာလဲ'

'အို... အားငယ်လို့မက သေသေပေါ့၊ ကျုပ်တို့ ကလေးမှ

မဟုတ်ဘဲဟာ။ မဟုတ် မဟုတ်ဘူးပေါ့။ တော်ကို ရှည်တယ်။ အလကား သူများလင်မယားချင်းကွဲတာ တော်က ကြားထဲက အမြတ်ရသွားတာ အဟုတ်ထင်တယ်ပေါ့'

'အိုကွာ... မစောခင်ကလည်းနော်၊ ဒါတွေဘာလို့ ပြောနေလဲ၊ ငါလည်း ဒီလင်မယား ရှာနေတာပါ၊ တွေ့ရင် သူတို့ကလေး ပြန်ပေးလိုက်မှာပါ'

'တော်ကသာ ရှာနေ၊ ဟိုကောင်မကလည်း သူ့လင် မယားငယ်နဲ့ ဆင်းသွားကတဲက သူလည်း နောက်လင် ယူပြီးသွားပေါ့ဟာ၊ သူတို့ကိုယ်တိုင်က သူတို့ကလေး သူတို့ မခင်လို့ ဒီတဲစုတ်ပေါ် ဒီအတိုင်း ပစ်သွားတာ၊ တော်က ကြားထဲက အနေသာကြီး၊ ဒါကြောင့် ကျုပ်အစကတဲက ပြောတာ။ တော်က ဘာဆိုင်လို့ ဒီကလေး ခေါ်ထားရတာလဲ'

ထိုလင်မယား စကားကို ကြားရသောအခါ သိန်းထွန်း တုန်လှုပ်ခဲ့ရလေတော့သည်။ ပြီးတော့ ဘာလုပ်ရမှန်းပင် မသိတော့။ သို့ပေမဲ့ သူ့အဖြစ်အမှန်ကို သူသိချင်သည်။ ထို့ကြောင့် သူတို့ကလေး သုံးယောက်ထဲက အကြီး မိန်းကလေး ဆီမှာ သူစုံစမ်းကြည့်သည်။ ရေရေရာရာ မဟုတ်ပေမဲ့ အဖေနောက်မယားယူပြီး၊ အိမ်ပေါ်မှ ဆင်းသွားသည်အထိ၊ သူနှင့် သူ့အမေ တစ်ဖက်တဲကလေးမှာ နေခဲ့ကြသေးသည်။ ထို့နောက် တစ်လအကြာတွင်...

'အဲဒါပဲ၊ နင်တို့အမေဆိုတာလာပြီး ဘယ်သွားမလို့ဆိုလဲဟာ။ ငါလည်း မသိပါဘူး။ ကုန်ဝယ်သွားမယ်လို့လည်း ပြောတာပဲ၊ အဲဒါ နင့်ကို တို့အိမ်မှာ ခဏထားသွားတာ၊ ခုအထိ ပြန်မလာဘူး။ အမေပြောတော့ နောက်ထပ် ယောကျ်ားယူသွားတယ် ပြောတာပဲ'

အကြီးမိန်းကလေး ဆက်ပြောခဲ့သော သူ့ဘဝ။

သည်ကတည်းက ဤအိမ်မှ ကလေးလေးယောက်တွင် မိမိတစ်ယောက်တည်း အနှိမ်ခံနေရသော အဖြစ်ကို သိန်းထွန်းနားလည်လာသည်။ ကျောင်းနေချိန် အရွယ်ရောက်သည်အထိ သူကျောင်းမနေရသောအဖြစ်ကိုလည်း သူသဘောပေါက်လာသည်။ သူ အကြိမ်ကြိမ် အဆူအပူခံရသည်ကိုလည်း နာကြည်းချည်တစ်ခါ ဝမ်းနည်းချည်တစ်လှည့် ဖြစ်ရုံမှအပ သူ ဘာမျှမတတ်နိုင်။

မည်သို့ဖြစ်စေ သူတစ်နေ့နေ့တွင် ဤ အိမ်မှ ထွက်ရမည်ဟူ၍ကား သူဆုံးဖြတ်ခဲ့သည်။

သို့ဖြင့် ရှစ်နှစ်ကျော်ကျော်တွင် သူ ဦးဘစံတို့ အိမ်မှ ထွက်ခဲ့ခြင်းဖြစ်သည်။ ဘယ်တွေရောက်၍ ဘယ်တွေပေါက်ခဲ့သည်ကိုပင် သူ မသိတော့။ စားချင်လျှင် တောင်းသည်။ တောင်းရုံဖြင့် မလုံလောက်သောအခါ ခိုးသည်။ ကြုံရာမှာ အိပ်သည်။ ဝတ်စရာမရှိလျှင် အလစ်သုတ်သည်။ သူ ရန်ကုန်ရောက်လာသောအခါ အသက် ဆယ်နှစ်ကျော်လေပြီ။ ညဈေးတန်းသည် သူ့စားကျက်ဖြစ်ခဲ့သည်။ ဤနေရာတွင် သူ ခိုးသည်။ လစ်သည်။ ပြီး ဗိုလ်ချုပ်ဈေး၊ ဘူတာ၊ ပလက်ဖောင်း၊ ကြုံရာတွင် သူအိပ်သည်။ သူ့မိဘတွေကို ရှာဖို့ သူ စိတ်မကူး။ အမည်ကိုပင် မသိမှတော့လည်း ရှာ၍ ရနိုင်မည် မဟုတ်သည်ကိုကား သူသိသည်။ ရှာစရာလည်း လိုသည် မထင်တော့။

ထို့ကြောင့်လည်း ယခု သူ့မိဘအမည်ကို မေးလာသူအား သူ အမှန်ပင် မသိကြောင်း ဖြေခဲ့ခြင်း ဖြစ်သည်။ သို့ပေမဲ့ ထိုလူကြီးသည် သိန်းထွန်းအဖြေကို ကျေနပ်ပုံ မပေါ်။

'ကိုယ့်အဖေ အမေတောင် မသိဘူးဆိုတဲ့ကောင်၊ ကဲ ဒိုက်ထိုးစမ်းကွာ'

'ဒိုက်ထိုးလေကွာ'

သူမသိ။

'မင်းကို ဒိုက်ဗင်ထိုးခိုင်းတာကွ'

ဘေးက ကလေးတစ်ယောက်က ဝင်ပြောသည်။

သည်အထိလည်း သူပြစ်ဒဏ်ခံနေရပြီဟု သူမထင်။ ထပ်၍ ထပ်၍ အမိန့်ပေးနေသောကြောင့်သာ မြေပြင်ပေါ်တွင် ကျွမ်းထိုးပြ လိုက်ရသည်။ တစ်ကြိမ်။

'ထပ်ထိုးလေကွာ'

နောက်တစ်ကြိမ်။

'ထိုးဦး'

သုံးကြိမ်မြောက်။

'ရပ်မနေနဲ့၊ အကြိမ်နှစ်ဆယ် ပြည့်အောင်ထိုး'

သူ သဘောမပေါက်သေး။

'ထိုးလေ'

လေးကြိမ်၊ ငါးကြိမ်၊ ခြောက်ကြိမ်၊ ခုနစ်ကြိမ်။

'ဘာလို့ ရပ်ရတာလဲ၊ အကြိမ်နှစ်ဆယ် မပြည့်မချင်း ထိုး'

သူ ရှစ်ကြိမ်မြောက် မထိုးမီပင် လူကြီး၏ လက်ဝါးက ပါးပေါ် သို့ အရှိန်ပြင်းပြင်း ကျလာခဲ့လေပြီ။

ဤသို့ဖြင့် သိန်းထွန်းသည် ဤ နေရာ၏အကြောင်းကို တစ်နေ့ ပြီးတစ်နေ့၊ တစ်ချိန်ပြီး တစ်ချိန် နားလည်လာခဲ့ရခြင်းဖြစ်သည်။ ဖား ခုန်၊ မိကျောင်းတက်၊ မော်တော်ဆိုင်ကယ်စီးဆိုသည့် ပြစ်ဒဏ် အမျိုး မျိုးကိုလည်း ခံလာရသည်။ ဂျူနီယာဆောင်ခေါ် အသက်ဆယ့်ငါးနှစ် အောက် ကလေးတွေနေသော အဆောင်မှာပေမယ့် အချင်းချင်း ထိုးကြ ကြိတ်ကြသည့် အဖြစ်တွေကိုလည်း ကြုံလာရ၏။ ဆရာကြီးဟု ခေါ်ရ သော ထောင်ကြပ်များ၏ တုတ်စာကိုလည်း အဖန်ဖန် ခံလာရ၏။

လက်စသတ်တော့ ငရဲဆိုသည်မှာ သည်နေရာမျိုးပါကလားဟု ပင် ထင်လာသည်။

ထို့ကြောင့်လည်း သူ့ထက် တစ်နှစ်သာကြီးသော မောင်ခွေးက ပြေးကြစို့ဟု ဆိုလာသောအခါ ဤနေရာရောက်၍မှ တစ်နှစ်ပြည့်ရုံ ရှိသေးသည်။ သိန်းထွန်းသည် မောင်ခွေးနှင့်အတူ ဤနေရာမှ ထွက်ပြေးခဲ့ခြင်း ဖြစ်လေသည်။

ဘာပြောပြော မောင်ခွေးကို သူခင်သည်။ ဘဝချင်းလည်း တူသည်။ မောင်ခွေးသည်လည်း သူ့မိဘကို သူမသိဟုဆို၏။ မိန်းမကြီး တစ်ယောက်အိမ်မှာ အခိုင်းအစေဘဝနှင့် နေခဲ့ရသည်မှ အပ မောင်ခွေး ဘာမျှမသိ။ တစ်ခုပဲ သူသိသည်။ သူ့ကို ထိုမိန်းမကြီးက ခွေးကောင်ကလေးဟု ခေါ်မြဲဖြစ်၏။ ရိုက်နှက် ဆဲဆိုမြဲဖြစ်၏။ ထို့ကြောင့် ထိုမိန်းမကြီးအိမ်မှ ပစ္စည်းတချို့ကို ခိုးပြီး ထွက်လာခဲ့သည်။ သည်တုန်းက သူ့အသက် ကိုးနှစ်သား။ အိမ်မှ ထွက်လာခဲ့ပြီး မကြာမီကပင် သူ အဖမ်းခံရသည်။ ထို့နောက် အမေ့ကျောင်း (ယခင် ဒေါ်တီတီလု ကျောင်း၊ ယခု အင်းလားလမ်း လူငယ်သင်တန်း)သို့ ရောက်ခဲ့သည်။ ထိုအခါ သူ့အမည်ကို သူ့ဘာသာပင် 'မောင်ခွေး' ဟု ပေးခဲ့ခြင်းဖြစ်၏။ အဖေအမည်၊ အမေအမည်ကိုကား မသိဟု ဖြေရုံမှအပ ဘာမျှ မပြောတတ်ခဲ့။

မောင်ခွေး အမေ့ကျောင်းမှာလည်း မပျော်ပါ။ ထို့ကြောင့် နောက် တစ်နှစ်တွင် မောင်ခွေးသည်အမေ့ကျောင်းမှ အဖော်ကောင်းနှင့်အတူ ထွက်ပြေးခဲ့သည်။ သို့ပေမဲ့ သူအပြင်မှာ ကြာကြာမနေရ။ ဆယ့် တစ်နှစ်သား မပြည့်မီတွင် သူ ကမ္ဘာအေး လူငယ်သင်တန်းသို့ ရောက် ရပြန်သည်။ အပြင်မှာလို အဖော်တွေနှင့် ခိုးလိုက်၊ လစ်လိုက်၊ လည် လိုက်၊ ပတ်လိုက် မနေရတော့လည်း မောင်ခွေး ကမ္ဘာအေး လူငယ်

သင်တန်း၌ မပျော်။ အဖော်တွေကလည်း စုံပြီ။ အလှည့်အပတ်ကလည်း တတ်ပြီ။ သို့ဖြင့် ကမ္ဘာအေး လူငယ်သင်တန်းသက် ဆယ်လအကြာတွင် မောင်ခွေး သင်တန်းမှ ထွက်ပြေးခဲ့ပြန်သည်။ အပြင်မှာ အပေါင်းအသင်းတွေက စောင့်နေသည်။

ယခုတစ်ကြိမ် အပြင်သို့ ရောက်လာသောအခါ မောင်ခွေး ဆရာကြီးဆိုသူကို စတွေ့ရသည်။ ထို ဆရာကြီးဆိုသူ၏ ညွှန်ကြားချက်အရ၊ မောင်ခွေးဈေးတကာလည်၍ အလစ်နှိုက်တတ်လာသည်။ ခိုးတတ်လာသည်။ သုံးလေးလ ကြာသောအခါ ဆရာကြီးဆိုသူက မောင်ခွေးကို ရာထူးတိုးပေးမည်ဟု ပြောလာ၏။ မောင်ခွေး ဝမ်းသာသည်။ ဘဝင်လည်း မြင့်သွားသည်။ ဘတ်စ်ကားပေါ် တက်ရတော့မည်။ ခါးပိုက်နှိုက် ဂိုဏ်းဝင် ဖြစ်ရတော့မည်။ သည်အလုပ်မှာ သူပိုပြီး ကျွမ်းကျင်လိမ့်မည်ဟု မျှော်လင့်သည်။ ကျွမ်းကျင်ကြောင်းလည်း ပြချင်သည်။ ထို့ကြောင့် တရားဝင် ရာထူးမတက်မီမှာပင် ဆရာကြီး၏ နည်းပြသင်တန်းပင် မတက်ရသေး၊ မောင်ခွေး ဘတ်စ်ကားပေါ် တက်၍ ပညာပြလိုက်လေတော့သည်။ မောင်ခွေး အဖမ်းခံရလေသည်။ သို့ဖြင့် မောင်ခွေး ပထမဆုံးအကြိမ် သရက်ဘော်စတယ်သို့ ရောက်ခဲ့ခြင်း ဖြစ်၏။

ဤသို့သော် မောင်ခွေး၏ ဘဝဖြစ်စဉ်ကို သိန်းထွန်းသိရစကပင်၊ သိန်းထွန်းသည် မောင်ခွေးကို အထင်ကြီးခဲ့သည်။ သူ့ထက် တစ်နှစ်မျှ ကြီးရုံနှင့် အတွေ့အကြုံများပြီး ဖြစ်နေနှင့်သည်ကို သိန်းထွန်းအားကျသည်။ သို့ဖြင့် မောင်ခွေးအစီအစဉ်ကို သိန်းထွန်းလိုက်နာခဲ့ခြင်းဖြစ်သည်။

ထွက်ပြေးခဲ့ကြစဉ်ကတော့လည်း ဘာအစီအစဉ်မျှ ကြိုတင်ပြုလုပ်ထားခြင်းမရှိ။ အစီအစဉ်ပြုလုပ်ရအောင် နှစ်ယောက်စလုံး

ပတ်ဝန်းကျင် အခြေအနေကို မသိ။ တစ်ခုပဲ သိသည်။ နှစ်ဦးစလုံး ရန်ကုန်မှ သရက်သို့ ရောက်လာခဲ့ခြင်းဖြစ်၍ ရန်ကုန်ပြန်နိုင်သည့် ခရီးကိုသာ သိသည်။ ဒါကလည်း သင်္ဘောတစ်တန်၊ ရထားတစ်တန် ခရီးကိုသာ သိသည်။ တခြားခရီးမသိ။

ဤ အခြေအနေမျိုးမှာပင် ညနေ ရေချိုးအဆင်းတွင် နှစ်ယောက်သား ထွက်ပြေးခဲ့ကြခြင်း ဖြစ်သည်။ မြို့ဘက်သို့ကား မသွားရဲ။ မြစ်ကြောင်းအတိုင်း ဆန်တက်ပြေးခဲ့ကြသည်။ ခြုံထဲမှာ ပုန်းချည်၊ ကိုင်းထဲမှာ ပုန်းချည်နှင့် ပြေးခဲ့ကြ၏။ အမှောင်လွှမ်းလာသည်အထိ ဘာမျှ မစားကြရသေး။ ဘယ်ရောက်၍ ဘယ်ပေါက်မှန်းလည်း မသိ။ နောက်ဆုံး လူသံသူသံကြားမှ ရွာတစ်ရွာနား ရောက်လာမှန်းသိ၏။ သို့ပေမယ့် ရွာထဲသို့ ရုတ်တရက် မဝင်ရဲ။ ရွာထဲရောက်ပြီး ဘော်စတယ်သို့ ပြန်ပို့ခံရလျှင် မသက်သာ။ တိုက်ပိတ်ခံရဖို့က သေချာသည်။

ထို့ကြောင့် ရွာဘေးမှာ ပုန်းနေသေးသည်။ လူခြေတိတ်လျှင် ရွာထဲဝင်ပြီး ခိုးမည်။ ပထမ စားစရာ၊ ဒုတိယ ငွေ သို့မဟုတ် ပစ္စည်း တစ်ခုခု။ စားစရာက လောလောဆယ် ပြဿနာ။ ငွေ သို့မဟုတ် ပစ္စည်းက ရန်ကုန်ပြန်ဖို့စရိတ်။ သည်မှာတော့ နှစ်ယောက်သား တတ်သမျှ မှတ်သမျှ အစီအစဉ်ဆွဲကြသည်။ အစီအစဉ်အတိုင်း ဆောင်ရွက်ကြ၏။ ချက်ချင်းပင် လူမိခံရသည်။

သူတို့ကို မိပြီဆိုသည်နှင့် ထိုကလေးနှစ်ယောက် ဘယ်ကဖြစ်သည်။ အဘယ်ကြောင့် ရောက်လာသည်ကို ရွာကလူတွေ သိသည်။ ရွာကလူတွေအနေနှင့်တော့လည်း ဘော်စတယ်အကြောင်းကို သိပြီး ဖြစ်သည်။ ထို့ကြောင့်လည်း ဘော်စတယ်က ထွက်လာသမျှ ကလေးတွေကို ကူညီဖို့ ဝန်မလေးခဲ့။

သည်တော့ သူတို့နှစ်ယောက် ကံကောင်းသည်ဟု ဆိုရမည်။

သို့ပေမယ့် သိန်းထွန်း ကံမကောင်း။ အပြင်ရောက်၍မှ တစ်နှစ် မပြည့်သေး၊ မောင်ခွေးဆီက ပညာတွေကိုမှ ကုန်အောင် မသင်ယူရ သေး။ သိန်းထွန်း ဒုတိယအကြိမ် ဘော်စတယ်သို့ ရောက်ခဲ့ရပြန်လေ သည်။

ဒုတိယအကြိမ်ရောက်ဆိုတော့ သိန်းထွန်းပို၍ အနှိမ်ခံရသည်။ ရောက်ရောက်ချင်း တိုက်ပိတ်ခံလိုက်ရသည်။ သို့ပေမယ့် သိန်းထွန်း မမှုတော့။ အမှုထမ်းတွေ ပြစ်ဒဏ်ပေးသမျှ၊ ရိုက်နှက်သမျှခံရသည်ကို အချင်းချင်းအပေါ်မှာ သိန်းထွန်း ဖိတတ်လာသည်။ အနိုင်ကျင့်တတ် လာသည်။ သည်တော့ သိန်းထွန်းအမည်သည် ဂျူနီယာဆောင်ကို ကျော်၍ ထင်ရှားလာသည်။ သူ့အသက် ဆယ့်ငါးနှစ် မပြည့်မီကပင် ဆယ့်ငါးနှစ်အထက် အဆောင်များ၌ သိန်းထွန်း အမည်ထင်ရှားလာ ၏။

သည်အသက် သည်အရွယ်နှင့် သည်မျှ ထင်ရှားလာသည်ကို မနာလို။ သိန်းထွန်းအဖို့ကား ဘာမျှမထူး။ သည်နေရာမှာကား ကိုယ် က ဦးလျှင်ဦး၊ မဦးလျှင် ကိုယ်ခံရမည်ဟု တွက်ပြီးသား။ သို့ပေမဲ့ ထောင်အမှုထမ်းတွေကအစ သိန်းထွန်းကိုမညှာ။ တစ်ခါတစ်လေ သူတို့ကိုယ်တိုင် ရိုက်သည်။ တစ်ခါတစ်လေ သက်ကြီးဆောင်က ကလေးတွေကို မြှောက်ပေးသည်။ သို့ဖြင့် ခြောက်လအကြာတွင် သိန်းထွန်း ခေါင်းကွဲခဲ့ရသည်။

အမှန်တော့လည်း သိန်းထွန်းသည် အစကတည်းက ကျွဲချို အမည်ရ အောင်ခိုင်အကြောင်းကို သိပြီးဖြစ်၏။ အောင်ခိုင်သည်လည်း ဝေသန္တရာဆောင်၌ ထင်ရှားပြီးဖြစ်သည်။ လူတကာကို လောက် လေးခွ လက်ကိုင် ကျွဲချိုဖြင့် ထိုးသတ်ခဲ့မှုကြောင့် ဤနေရာသို့ ရောက် လာသူ ဖြစ်သည်။ အသက်ကသာ ဆယ့်ငါးနှစ်ကျော်ကျော်ရှိဦးမည်။

မျက်နှာက ခက်ထန်သည်။ လူသတ်မှုဆိုတော့ တခြားကလေးတွေကပါ လေးစားသည်။ ထောင်ကြပ်တွေ ကိုယ်တိုင်က သူ့ကို လူမိုက်မြောက်စားထားတော့ ပိုကြွသည်။ တစ်ခါတွင် ထင်းခွဲနေရာမှ အချင်းချင်း ရန်ဖြစ်ကာ ပေါက်ဆိန်နှင့်ပေါက်ရာ တစ်ဖက်လူ အရှောင်ကောင်း၍ သာ ပွဲချင်းပြီး မဖြစ်ခဲ့သည်။ ကျွဲချိုအဖို့လည်း ဒုတိယအကြိမ် လူသတ်မှု မဖြစ်ခဲ့သည်။ ဒါတောင် ကျွဲချို မကျေနပ်။ ထင်းခြမ်းနှင့် လိုက်ရိုက်ခဲ့သေးသည်။ တစ်ဖက်ကလေး ခေါင်းကွဲခဲ့ရ၏။ သို့ပေမဲ့ သူ အပြစ်မရခဲ့။

ကျွဲချိုနှင့် ပတ်သက်၍ သိန်းထွန်း ဒီလောက်တော့ နားလည်သည်။ သို့ပေမဲ့ သူ့အပေါ် ဗိုလ်ကျဖို့ ကြိုးစားလာပြီဆိုသောအခါ သူဘာမျှ မမှုတော့။

'ဟေ့...သိန်းထွန်းဆိုတာ မင်းလားကွ' ဆိုလာခါမျှနှင့် မိမိထက်အသက် သုံးနှစ်နီးပါးကြီးသည်ကိုပင် ဂရုမစိုက်ဟန်ဖြင့်...

'အေး...' မထီမရီ ဖြေခဲ့သည်။

ထို့ကြောင့်လည်း ကျွဲချို ပို၍ မခံမရပ်နိုင် ဖြစ်ရဟန် တူ၏။ သည်တော့ ပိုပြီး အနိုင်ကျင့်ဖို့ စိတ်ကူးသည်။ သိန်းထွန်းကလည်း ဆတ်ဆတ်ထိ မခံ။ သို့ပေမဲ့ သည်တစ်ချီမှာတော့ သိန်းထွန်း ခံလိုက်ရလေတော့သည်။ ကျွဲချိုလက်ချက်ဖြင့် သိန်းထွန်း ခေါင်းကွဲရသည်။

သိန်းထွန်း ကျွဲချိုကို မကျေ။

နောက် လေးလ အကြာမှာပင် သိန်းထွန်း ကျွဲချိုကို လက်စားချေနိုင်ခဲ့လေသည်။ သိန်းထွန်း အခွင့်ကောင်း စောင့်ခဲ့သည်မှာ လေးလရှိပြီ။ ထိုနေ့က ကျွဲချို နွားကျောင်း တာဝန်ကျသည်။ ထိုနေရာသို့ သိန်းထွန်း လစ်ပြီး လိုက်သည်။ အစောင့်တွေ အလစ် အိပ်ငိုက်နေသော ကျွဲချိုကို သိန်းထွန်း ဝါးလုံး အမြွာမြွာ ကွဲသည်အထိ ရိုက်ခဲ့

သည်။ ကျွဲချို လဲကျသွားတော့ သေပြီဟု ယူဆသည်။ ဤနေရာမှ ချက်ချင်း ပြေးလေတော့သည်။

ဒုတိယအကြိမ် သိန်းထွန်း ထွက်ပြေးခဲ့ခြင်း။

သို့သော် ယခု တစ်ကြိမ်တွင်ကား သိန်းထွန်းမလွတ်။ နေမဝင်မီ ပြန်လည်အဖမ်းခံရလေတော့သည်။ ယခု တစ်ကြိမ်တွင်ကား သိန်းထွန်း တိုက်မှာ အတာအရှည် နေရသည်။ အရိုက်အနှက် အမျိုးမျိုးကိုလည်း ခံရသည်။ နှိပ်စက်နည်း အမျိုးမျိုးကိုလည်း ကမ်းကုန်အောင် ခံရသည်။ သည်ကတည်းက သိန်းထွန်းသည် 'ငရဲပြည်က ခေတ်ကြမ်းကြီး'ဟူသော စကားကို သုံးတတ်လာခဲ့ခြင်း ဖြစ်သည်။ ယခု တတိယအကြိမ်တွင် သူ ဆယ့်ငါးနှစ် မပြည့်သေးသည့်တိုင်အောင် ဂျူနီယာဆောင်မှ အပြောင်းခံရပြီဖြစ်၍ အခြေအနေဆိုးများကို ပို၍ ရင်ဆိုင်လာခဲ့ရလေသည်။ သို့ပေမဲ့ သူ မမှုတော့။ အပြင်ဘက်သို့ မရောက်သည့်အတူတူ၊ ငရဲပြည်မှာ နေရမည့်အတူတူ ငရဲသား ဖြစ်ရသည်က ကောင်းဦးမည်ဟု ယူဆလာ၏။

ဤသို့ဖြင့် သိန်းထွန်း တတိယအကြိမ်ပြန်ရောက်ခဲ့ပြီး တစ်နှစ်အကြာတွင် မမျှော်လင့်သော အခြေအနေသစ်များကို ရင်ဆိုင်လိုက်ရခြင်းဖြစ်သည်။ သူတို့ဆီသို့ လူအချို့ ရောက်လာကြသည်။ တိုက်တွေကို ပိတ်ပစ်လိုက်သည်။ ထမင်းဝဝ စားလာရသည်။ မည်သို့သော အခြေအနေများ ဖြစ်ပေါ်လာနေသည်ကိုကား အသေးစိတ် သူမသိ။ ဤအခြေအနေမျိုးတွင် မောင်ခွေးလည်း ဤနေရာသို့ ပြန်ရောက်လာခဲ့ခြင်းဖြစ်သည်။

မောင်ခွေးနှင့် ပြန်တွေ့ရတော့ သူ ဝမ်းသာသည်။ တစ်ခုပဲ၊ မောင်ခွေးဆီက စကားတွေကြောင့် သူ တွေဝေရခြင်း။

'ဒီတစ်ခါ ငါ ဒီကိုပြန်လာရတာ ကံကောင်းတာပဲ သိန်းထွန်း'

သိန်းထွန်း ရုတ်တရက် နားမလည်ခဲ့။

'ဒီလိုမှ မဟုတ်ရင် ငါအပြင်ဘက်မှာ လူသတ်မှု ကျူးလွန်ဖြစ်မယ်ထင်တယ်'

အကြောင်းရင်းကို စုံစမ်းရလေပြီ။

'တကယ်တော့ တို့လိုကောင်တွေကို ခါးပိုက်နှိုက် လုပ်ခိုင်းပြီး ဆရာကြီးဆိုတဲ့ လူက တို့အပေါ် ဗိုလ်ကျနေတာပဲ။ အပြင်မှာ တို့နေရတဲ့ အခြေအနေဟာ အရင်က ဒီထဲမှာ နေရတဲ့ အခြေအနေထက်တောင် ဆိုးသေးတယ်။ သူ့အတွက် တို့က ခါးပိုက်နှိုက်ပေးရတယ်။ တို့ငွေတစ်ရာ နှိုက်ပေးပါမှ တစ်ဆယ်လောက် ဆယ့်ငါးကျပ်လောက် ပေးတာ၊ ဒီထဲ တစ်နေ့ နှိုက်မရရင်ဘဲ ဆဲလား...ဆိုလား၊ တစ်ခါတလေ အရိုက်ခံရသေးတယ်၊ နောက်ဆုံး ထောင်ထဲရောက်တော့ တို့လိုကောင်လေးတွေပဲ ရောက်ရတာ'

မောင်ချွေးပြောပြသော မောင်ချွေး ကျင်လည်ခဲ့ရသည့် ဘဝအကြောင်း ကြားရပြန်သောအခါ သိန်းထွန်း တုန်လှုပ်ရပြန်သည်။

မည်သို့ဖြစ်စေ၊ လွန်ခဲ့သော တစ်လကျော်ကမူ ဤနေရာကို အကျဉ်းထောင် အုပ်ချုပ်မှုအောက်မှ လူမှုဝန်ထမ်းအောက်သို့ ပြောင်းရွှေ့ခဲ့လေပြီ။

'အေးပေါ့ကွာ၊ ဟိုတုန်းကနဲ့ စာရင်တော့ အခြေအနေတွေ ပြောင်းလာခဲ့ပြီပေါ့။ ဒီတော့ တို့လည်း ဘဝပြောင်းမှပဲ သိန်းထွန်း'

သိန်းထွန်းအဖို့ မောင်ချွေးစကားကို အကြိမ်ကြိမ် စဉ်းစားခဲ့သည်။

ယခု ဒုတိနှစ်အတွင်းမှာပင် အခြေအနေ ပြောင်းလာ၍လားမသိ။ မိမိကိုယ်တိုင် ပြောင်းလဲလာနေသည်ကား အမှန်။ ယခု ဤနေရာတွင် မိမိတတိယအကြိမ် ရောက်ခဲ့သည်ဟု နှစ်နှစ်နီးလာခဲ့ပေပြီ။ ဘာပြောပြော အပြင်ဘက်မှာ အမိ၊ အဖ၊ ဦးကြီး၊ ဦးလေးတွေရှိလျှင် တရားရုံး

မှာ လွတ်မိန့်တောင်းခံနိုင်ပေပြီ၊ ဆရာကြီးကလည်း မိမိအတွက် ထောက်ခံမည်အမှန်ပင်။ ယခုကားဆရာကြီး ကိုယ်တိုင်က မိမိ လွတ်မြောက်ရေးအတွက် ထောက်ခံမည်ထားဦး၊ မိမိကို မည်သူက ထိန်းကျောင်း စောင့်ရှောက်ပါမည်နည်း။

ဤအခြေအနေမျိုးတွင်သိန်းထွန်း ဒုလ္လဘမဲပေါက်ခဲ့ခြင်း ဖြစ်သည်။

ဤနှစ်ကား သိန်းထွန်းတို့အဖို့ ထူးခြားသော နှစ်ဟု ဆိုရမည်။ ဤနေရာတစ်ခုလုံးကို လူမှုဝန်ထမ်းအောက် ပြောင်းရွှေ့ခဲ့သည်မှ စ၍ ပြောင်းလဲလာသော အခြေအနေများတွင် ယခုနှစ်အခါတွင်း ဒုလ္လဘ ရဟန်းခံ၊ ရှင်ပြုပွဲသည်လည်း ထူးခြားမှု ဖြစ်သည်။ ဤဒုလ္လဘ ရဟန်းခံ ရှင်ပြုပွဲတွင် သင်တန်းကျောင်းကသာ မဟုတ်၊ ရွာနီးချုပ်စပ် ကပါ ပူးတွဲပါဝင်ခဲ့သည်။ ဆရာကြီးနှင့် ဆရာတွေကိုယ်တိုင် ဒုလ္လဘ ရဟန်းခံရာတွင် ပါဝင်သည်။ သင်တန်းသားတွေထဲကလည်း ပါဝင်သည်။ သည်ထဲမှာ မောင်ခွေးလည်း ပါသည်။ ဤသို့ဖြင့် သိန်းထွန်းတို့လူသိုက် ပတ္တမြားစေတီရိပ်သို့ ရောက်လာခဲ့ကြခြင်း ဖြစ်လေသည်။ စေတီရိပ်သို့ ဝင်မိ၍ သုံးရက်ပြည့်ရုံမျှနှင့်…

'ငါတော့ သင်တန်းကဆင်းရင် ဒီမှာလာပြီး ကိုရင်ဝတ်နေမယ် စိတ်ကူးတယ် ငခွေး'ဟူသော စကားကို ဆိုခဲ့မိလေသည်။

'ဘာဖြစ်လို့ ကိုရင် ဝတ်မလဲကွာ'

'ကိုရင် မဝတ်လို့ တို့ဘာလုပ်မလဲ။ တို့သင်တန်းက ဆင်းရင် တို့ ဘယ်ကိုသွားမလဲ၊ တို့ကို ဘယ်သူက လက်ခံမလဲ။ မင်းပဲ ပြောခဲ့တယ် မဟုတ်လား။ တို့ကို လက်ခံမယ့်လူတွေဟာ မင်းပြောတဲ့ ခါးပိုက်နှိုက် ဂိုဏ်းခေါင်းဆောင်တို့၊ သူခိုးအဖွဲ့ ခေါင်းဆောင်တို့ကပဲ တို့ကို လက်ခံကြမှာ မဟုတ်လား။ ဒီတော့ တို့ကို လက်ခံမယ့်လူဟာ

လူဆိုးတွေပဲ ရှိတာ မဟုတ်လား'

သည်တော့ မောင်ခွေးပင် ရုတ်တရက် အဖြေမပေးနိုင်ခဲ့။ ထို့ကြောင့်ပင် သိန်းထွန်းသည် သူ့ဘဝကို အမှန်တကယ် သာသနာ့ဘောင်တွင်း အရိုးထုတ်တော့မည်အထိ စိတ်ကူးခဲ့ခြင်း ဖြစ်လေသည်။

တစ်နေ့ကမူ မောင်ခွေးသည် စကားအဆန်းဆိုလာခဲ့လေသည်။

'မင်း တကယ်ပဲ ဘုန်းကြီး ဝတ်မှာလား သိန်းထွန်း'

'ငါ လွတ်တဲ့နေ့မှာ ဝတ်မှာပဲ'

'ဘာလို့ ဝတ်မလဲကွာ'

'မဝတ်တော့ တို့ ဘယ်ကို သွားရမှာလဲ၊ ကဲ မင်းကရော ဒီကလွတ်ရင် ဘယ်သွားမလဲ၊ ဘာလဲ ငခွေး၊ မင်း အရင်နေရာကို ပြန်သွားဦးမယ် စိတ်ကူးလို့လား'

မောင်ခွေးက ခေါင်းကိုခပ်ဖြည်းဖြည်း ခါယမ်းသည်။ သိန်းထွန်းစိတ်အားငယ်ရပြန်သည်။

'ဒါဖြင့်'

'ငါတော့ တခြား လမ်းတစ်ခုခု ရှာကြည့်ချင်သေးတယ်။ တို့အတွက် လူကောင်းတွေ ဆီရောက်နိုင်မယ့် လမ်းတစ်ခုခုပေါ်လာမလားလို့ဘဲ'

'မင်း ထင်သလား'

'ငါတော့ ထင်ချင်တယ်၊ တစ်နေ့နေ့ကျရင် တို့ လမ်းကို မြင်ရမလားလို့ပါ'

ယခုကား သိန်းထွန်းတို့ လူ့သိုက် ဒုလ္လဘရက်စေ့လေပြီ။ လူဝတ်လဲခဲ့ကြလေပြီ။ ပတ္တမြားစေတီ တောင်ကုန်းထက်မှ ဆင်းခဲ့ကြရလေပြီ။

ယခု သိန်းထွန်းသည် မောင်ခွေးစကားကို ကြားယောင်လာပြန်

သည်။ ထို့ကြောင့် သူ့ဘေးက မောင်ခွေးဘက်ကို လှမ်းကြည့်လိုက်မိသည်။

'ဟော့ကောင် အောက်လည်း ကြည့်ဆင်းဦး၊ အတော်ကြာ ချော်လဲပြီး လိမ့်ကျနေဦးမယ်'

မှန်သည်။ ပတ္တမြားစေတီလမ်းသည် ယခုမှ ဖောက်ပြီးစ ဖြစ်သည်။ မညီညာသေး။ မပြေပြစ်သေး။ ယခင်ကဆိုလျှင် ဤတောင်ကုန်းသည် တကယ့်တောင်ကတုံး။ ယခုကား စေတီနှင့်၊ ကျောင်းနှင့်၊ ဇရပ်နှင့်။

'အေးပါကွ၊ ကိုယ့်ကိုယ်ကို ထိန်းပြီး ဖြည်းဖြည်းဆင်းရမှာပေါ့'

'ဒီလိုဆိုရင်တော့ တို့ တဖြည်းဖြည်းနဲ့ လမ်းပေါ်ရောက်ကောင်းပါရဲ့ကွာ'

'ထင်ရတာပဲ ငခွေးရေ…'

(ဝန်ခံချက်။ ဖြစ်ရပ်မှန်ကို မှီးပါသည်။)

ရှမဝမဂ္ဂဇင်း၊ ဇူလိုင်၊ ၁၉၇၄။